# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# ဒသမပုံမှန်အစည်းအဝေး

# သတ္တမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ပျော်ဘွယ်မြို့နယ်အတွင်း တည်ဆောက်ပြီးသော (၁၆)ခုတင်ဆံ့ ရန်အောင်တိုက်နယ်ဆေးရုံ၊ အနောက် လျှော်ဖြူကုန်းတိုက်နယ်ဆေးရုံ၊ သီးပင်တိုက်နယ်ဆေးရုံတို့အတွက် လိုအပ်သော ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်း၊ ဆေးဝါးနှင့်ဆေးရုံသုံးပစ္စည်းများအား မည်သည့်ကာလတွင် ခွင့်ပြုချထားပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | မြင်းမူမြို့ စည်ပင်သာယာရေးဈေး အဆင့်မြှင့်တင်ဆောက်လုပ်ရန် လိုအပ်နေသည့် ဆေးရုံအဟောင်း မြေဧရိယာ ၁.၂၈၃ ဧကအား လွှဲပြောင်းပေးရန် ခွင့်မပြုခဲ့ခြင်းကိစ္စအား ပြန်လည်သုံးသပ်၍ ကော်မတီသို့ လွှဲပြောင်းအသုံးချခွင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချနေသော ကျွဲ၊ နွားများအား ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရတို့မှ မည်ကဲ့သို့ စီမံခန့်ခွဲပြီး ခွင့်ပြုထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | ဆန်စပါးနှင့် ပဲမျိုးစုံအပါအဝင် လယ်ယာထွက်ကုန်သီးနှံများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်ကို တောင်သူများ တွက်ခြေကိုက်သည့် ဈေးကွက်နှင့် ဈေးနှုန်းရရှိအောင် ပြည်ပဈေးကွက်များသို့ ပိုမိုထိုးဖောက်ဝင်ရောက်လာနိုင်စေရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၉ | တောင်သူလယ်သမားများစိုက်ပျိုးသည့် ကောက်ပဲသီးနှံများ ထိုက်တန်သည့်ဈေးနှုန်းရရှိ၍ အကျိုးအမြတ်များ ခံစားနိုင်ရေးအတွက် စိုက်ပျိုးရာသီမတိုင်မီ နိုင်ငံခြားတင်ပို့ရန် ဈေးကွက်ရှိသည့် ကောက်ပဲ သီးနှံများစာရင်းကို ထုတ်ပြန်ကြေညာပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၉ |
| ၁၀ | ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် သတ်မှတ်အရှိန်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား မှတ်သားဖမ်းဆီးမှု | ၂၄ |

| | | |
|---|---|---|
| | ဆောင်ရွက်ရာတွင် ဒဏ်ငွေပေးဆောင်မှု အခက်အခဲအဆင်ပြေစေရန် (One Stop Services)အဖွဲ့များဖွဲ့၍ ဆောင်ရွက်ရန် အစီ အစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | |
| ၁၁ | တွံတေးမြို့နယ်နှင့် ကော့မှူးမြို့နယ်ကို ဆက်သွယ်ထားသော ကျေးလက်လမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၈ |
| ၁၂ | ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က နိုင်ငံတော်အတွင်း တည်ဆောက်ရေးလုပ်ငန်းများအား ခေတ်နှင့်လျော်ညီသော (ကြိုတင်သွန်းလောင်းမှု) Precast နည်းပညာနှင့် အခြားသင့်လျော်သော နည်းပညာများ အသုံးပြုတည်ဆောက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၃၀ |
| ၁၃ | ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေး ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း | ၃၆ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တောင်သူ လယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက် ဒုတိယနှစ်ပတ်လည် အစီရင်ခံစာ | ၄၁ |
| ၁၅ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက တင်သွင်းသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၅၂ |
| ၁၆ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး သတ္တမနေ့ရုပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း | ၆၂ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး

## သတ္တမနေ့ အစီအစဉ်

## [ ၂၈–၁၁–၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပျော်ဘွယ်မြို့နယ်အတွင်း တည်ဆောက်ပြီးသော (၁၆)ခုတင်ဆံ့ ရန်အောင်တိုက်နယ်ဆေးရုံ၊ အနောက်လျှော်ဖြူကုန်းတိုက်နယ်ဆေးရုံ၊ သီးပင်တိုက်နယ် ဆေးရုံတို့အတွက် လိုအပ်သော ဆရာဝန်၊ သူနာပြု ဝန်ထမ်း၊ ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းများအား မည်သည့်ကာလတွင် ခွင့်ပြုချထားပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုးစံသက်ထွန်း၊ မြင်းမူ မဲဆန္ဒနယ်၏ **မြင်းမူမြို့ စည်ပင်သာယာရေးဈေး အဆင့်မြှင့်တင် ဆောက်လုပ်ရန် လိုအပ်နေသည့် ဆေးရုံအဟောင်း မြေဧရိယာ (၁.၂၈၃)ဧကအား လွှဲပြောင်းပေးရန် ခွင့်မပြုခဲ့ခြင်းကိစ္စအား ပြန်လည်သုံးသပ်၍ ကော်မတီသို့ လွှဲပြောင်း အသုံးချခွင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချနေသော ကျွဲ၊ နွားများအား ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရတို့မှ မည်ကဲ့သို့ စီမံခန့်ခွဲပြီး ခွင့်ပြု ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **ဆန်စပါးနှင့် ပဲမျိုးစုံအပါအဝင် လယ်ယာထွက်ကုန်သီးနှံများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်ကို တောင်သူများ တွက်ခြေကိုက်သည့် ဈေးကွက်နှင့် ဈေးနှုန်းရရှိအောင် ပြည်ပဈေးကွက်များသို့ ပိုမိုထိုးဖောက်ဝင်ရောက် လာနိုင်စေရေး အတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၏ **တောင်သူလယ်သမားများ စိုက်ပျိုးသည့် ကောက်ပဲသီးနှံများ ထိုက်တန်သည့် ဈေးနှုန်းရရှိ၍ အကျိုးအမြတ်များ ခံစားနိုင်ရေးအတွက် စိုက်ပျိုးရာသီ မတိုင်မီ နိုင်ငံခြားတင်ပို့ရန် ဈေးကွက်ရှိသည့် ကောက်ပဲသီးနှံများစာရင်းကို ထုတ်ပြန်ကြေညာပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးမြစိန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်၏ **ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးတွင် သတ်မှတ်အရှိန်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား မှတ်သားဖမ်းဆီးမှု ဆောင်ရွက်ရာတွင် ဒဏ်ငွေ ပေးဆောင်မှု အခက်အခဲ အဆင်ပြေစေရန် (One Stop Service) အဖွဲ့များဖွဲ့၍ ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **တွံတေးမြို့နယ်နှင့် ကော့မှူး မြို့နယ်ကို ဆက်သွယ်ထားသော ကျေးလက်လမ်းအား အဆင့်မြှင့်တင် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်က **" နိုင်ငံတော်အတွင်း တည်ဆောက်ရေးလုပ်ငန်းများအား ခေတ်နှင့်လျော်ညီသော (ကြိုတင်သွန်းလောင်းမှု) Precast နည်းပညာနှင့် အခြားသင့်လျော်သော နည်းပညာများ အသုံးပြု တည်ဆောက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း "** အဆိုတင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တင်သွင်းသည့် **" ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း "**နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# သတ္တမနေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်
## (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၄ ဦးရှိသည့်အနက် ၃၈၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၇၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၄ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၁ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်၊
(၂) ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး ခွင့် ၁ ရက်၊
(၃) မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ခွင့် ၁ ရက်၊
(၄) လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို ခွင့် ၁ ရက်၊
(၅) လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် ခွင့် ၁ ရက်၊
(၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ရဲနိုင်မျိုး ခွင့် ၁ ရက်၊
(၇) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်၊
(၈) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော် ခွင့် ၁ ရက်၊
(၉) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် ခွင့် ၁ ရက်၊
(၁၀) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊
(၁၁) အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ခွင့် ၁ ရက်၊
(၁၂) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊
(၁၃) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊
(၁၄) ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် ခွင့် ၁ ရက်၊
(၁၅) တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း ခွင့် ၃ ရက်၊
(၁၆) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊
(၁၇) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၁၈) အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့် ခွင့် ၃ ရက်၊

(၁၉) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၁ ရက်၊
(၂၀) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊
(၂၁) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၂၂) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၂ ရက်၊
(၂၃) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်၊
(၂၄) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊
(၂၅) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်နှင့်
(၂၆) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၂၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၄ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၅၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပျော်ဘွယ်မြို့နယ်အတွင်း တည်ဆောက်ပြီးသော (၁၆)ခုတင်ဆံ့ ရန်အောင်တိုက်နယ်ဆေးရုံ၊ အနောက်လျှော်ဖြူကုန်းတိုက်နယ်ဆေးရုံ၊ သီးပင်တိုက်နယ်ဆေးရုံတို့အတွက် လိုအပ်သော ဆရာဝန်၊ သူနာပြု ဝန်ထမ်း၊ ဆေးဝါးနှင့်ဆေးရုံသုံးပစ္စည်းများအား မည်သည့်ကာလတွင် ခွင့်ပြုချထားပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေးပါ။ ကျေးလက်နေ ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ပြည့်စုံစွာရရှိနိုင်ရေးအတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ Power Point နဲ့တင်ပြခွင့်ပြုပါ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်အတွင်းမှာ ကျေးလက်နေ ပြည်သူတွေ ကျန်းမာရေးစောင့်ရှောက်မှု ပြည့်စုံစွာခံစားရရှိစေရေးအတွက် ၂၀၁၆-၂၀၁၇ ခုနှစ်နဲ့ ၂၀၁၇-၂၀၁၈ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်းမှာ အနောက်လျှော်ဖြူကုန်းတိုက်နယ်ဆေးရုံ၊ ရန်အောင် တိုက်နယ်ဆေးရုံနဲ့ သီးပင်တိုက်နယ်ဆေးရုံ ဒီဆေးရုံသုံးခုကို ဆောက်လုပ်ပြီးစီးခဲ့တဲ့အတွက် ၂၀၁၈ ခုနှစ် မတ်လမှာ ကုသရေးဌာနကို အပ်နှံခဲ့ပြီးဖြစ်ပါတယ်။ ဆေးရုံများရဲ့တည်နေရာကတော့ တင်ပြပါ အတိုင်းဖြစ်ပါတယ်။ ဒီဆေးရုံတွေရဲ့လက်ရှိအခြေအနေဟာ တိုက်နယ်ဆေးရုံတစ်ခုမှာ ခွင့်ပြုအင်အား ၁၉ ခုအနက် အနောက်လျှောက်ဖြူကုန်းဆေးရုံမှာ တာဝန်ခံဆရာဝန်တစ်ဦး၊ သူနာပြုနှစ်ဦး ပေါင်းသုံး ဦး ခန့်ထားပြီး ရန်အောင်တိုက်နယ်ဆေးရုံမှာ ဆရာဝန်တစ်ဦး၊ သူနာပြုနှစ်ဦး၊ ဆေးစပ်တစ်ဦး ပေါင်းလေးဦး ခန့်အပ်ထားရှိပါတယ်။ သီးပင်တိုက်နယ်ဆေးရုံမှာတော့ ဆရာဝန်တစ်ဦး၊ သူနာပြုနှစ်ဦး ခန့်ထားသော်လည်းပဲ တိုက်နယ်ဆရာဝန်ဟာ မီးဖွားခွင့်သွားရောက်နေလျက်ရှိပါတယ်။ ဒီဆေးရုံများ အတွက် ဆေးရုံအလိုက်လိုအပ်တဲ့လျှပ်စစ်မီးရရှိရေး၊ ဝန်ထမ်းရရှိရေးနဲ့ ဆေးရုံသုံးပစ္စည်းများရရှိရေး အတွက်ကို တင်ပြပါအတိုင်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလခန့်ကစတင်ပြီးတော့ သက်ဆိုင်ရာဌာနဟာ အဆင့်ဆင့်တင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။ ဒီဆေးရုံသုံးရုံနဲ့ ရန်အောင်တိုက်နယ်ဆေးရုံနဲ့ အနောက်လျှော်ဖြူကုန်းတိုက်နယ်ဆေးရုံတွေအတွက် ဒီကျေးရွာတွေမှာရှိတဲ့ ဆရာတော်၊ သံဃာတော် တွေ၊ ရပ်မိရပ်ဖတွေ၊ အလှူရှင်တွေပူးပေါင်းပြီးတော့ လိုအပ်တဲ့ဆေးဝါး၊ ဆေးပစ္စည်း၊ ပရိဘောဂတွေ ဖြည့်ဆည်းပြီးတော့ လက်ရှိဆရာဝန်၊ သူနာပြုများနဲ့ ကျေးရွာသူကျေးရွာသားများရဲ့ ကျန်းမာရေး စောင့်ရှောက်မှုကို မြို့နယ်ကုသရေးဦးစီးဌာနနဲ့ ပေါင်းစပ်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သီးပင်တိုက်နယ်ဆေးရုံမှာတော့ ဆရာဝန်လုပ်ငန်းမဝင်နိုင်သေးတဲ့အတွက် ဆေးကုသမှုပြုလုပ်နိုင်ခြင်း မရှိသေးပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝ ကောင်းမွန်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်တဲ့နေရာမှာ ပညာရေး၊ ကျန်းမာရေး ဒီကဏ္ဍတွေကို ဦးစားပေးဆောင်ရွက်နေကြောင်း ကြားသိနေရပါတယ်။ ဒီ့အတွက် ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ်ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေတွေကို သိရှိနိုင်အောင် တင်ပြခြင်းလည်း ဖြစ်ပါတယ်။ အခု ကျွန်တော်တင်ပြခဲ့တဲ့ တိုက်နယ်ဆေးရုံသုံးခုဟာ တည်ဆောက်အပ်နှံပြီးမှုဟာ

**မူကြမ်း**

တစ်နှစ်နီးပါးရှိနေပြီဖြစ်တဲ့အတွက် လိုအပ်နေတဲ့ ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်းအင်အား၊ လျှပ်စစ်စွမ်းအားနဲ့ ဆေးဝါးပစ္စည်းဖြည့်ဆည်းပေးဖို့ သင့်နေပြီဖြစ်ပါတယ်။ ဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးပြီးတော့ ကျွန်တော်တို့ ပျော်ဘွယ်အတွင်းမှာ ကျန်းမာရေးစောင့်ရှောက်မှုကို ထိရောက်စွာဆောင်ရွက်ပေးနိုင်ဖို့အတွက် ပျော်ဘွယ်ကျေးလက်နေ ရဟန်းရှင်လူပြည်သူအများက ဆန္ဒပြင်းပြစွာမျှော်လင့်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးမြန်း တင်ပြလိုတဲ့မေးခွန်းကတော့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်အတွင်းမှာ တည်ဆောက်ပြီးစီးတဲ့ ၁၆ ခုတင်ဆံ့ ရန်အောင်တိုက်နယ်ဆေးရုံ၊ အနောက်လျှော်ဖြူကုန်းတိုက်နယ်ဆေးရုံ၊ သီးပင်တိုက်နယ်ဆေးရုံတို့အတွက် လိုအပ်တဲ့ ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်း၊ ဆေးဝါးနဲ့ ဆေးရုံသုံးပစ္စည်းတွေကို ဖြည့်ဆည်းပေးဖို့နဲ့ ဘယ်ကာလမှာ ခွင့်ပြုချထားပေးမယ်ကို သိရှိလိုတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်း တောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြလေးစိန် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်အတွင်း တည်ဆောက်ပြီးသော ၁၆ ခုတင်ဆံ့ ရန်အောင်တိုက်နယ်ဆေးရုံ၊ အနောက်လျှော်ဖြူကုန်းတိုက်နယ်ဆေးရုံ၊ သီးပင်တိုက်နယ်ဆေးရုံတို့အတွက် လိုအပ်သော ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်း၊ ဆေးဝါးနှင့်ဆေးရုံသုံးပစ္စည်းများအား မည်သည့်ကာလတွင် ခွင့်ပြုချက်ချထားပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနသည် မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ပထမဦးစွာ ရန်အောင်တိုက်နယ်ဆေးရုံအကြောင်းကို တင်ပြလိုပါတယ်။ ဝန်ထမ်းဆရာဝန် ၅-၁၀-၂၀၁၈ ခုနှစ်တွင် ခန့်ထားပြီးဖြစ်ပါတယ်။ ဒေါက်တာနေလင်းအောင် စတင်ထမ်းဆောင်လျက်ရှိပါတယ်။ အထက်တန်းသူနာပြုနှစ်ဦး ခန့်ထားပြီးဖြစ်ပါတယ်။ ဆေးစပ်တစ်ဦး ခန့်ထားပြီးဖြစ်ပါတယ်။ ပစ္စည်းများအနေနဲ့ ရရှိပြီးပစ္စည်းကတော့ ဆေးရုံသုံးပစ္စည်း ၆-၈-၂၀၁၈ ရက်နေ့မှာ လေးမျိုး၊ ၃၀-၈-၂၀၁၈ ရက်နေ့မှာ ၈၅ မျိုး၊ ၄-၉-၂၀၁၈ ရက်နေ့မှာ အမျိုး ၄၀ စုစုပေါင်း ၁၂၉ မျိုးကို ပေးပို့ထားပြီးဖြစ်ပါတယ်။ ဆေးဝါး ၇၅ မျိုးမှာလည်း ၅-၁၀-၂၀၁၈ ရက်နေ့တွင် ၆၈ မျိုး၊ ၁-၁၁-၂၀၁၈ ရက်နေ့တွင် ခုနစ်မျိုးပေးပို့ထားပြီးဖြစ်ပါတယ်။ မီးရရှိမှုအခြေအနေမှာ ၈-၁၀-၂၀၁၈ တွင်စတင်ရရှိပြီး ယာယီမီတာနဲ့ စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ဆေးရုံလုပ်ငန်းများကို မီးရရှိသည့်အချိန်မှစပြီး စတင်ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း ပြင်ပလူနာဦးရေ ၄၂ ဦး၊ အတွင်းလူနာ ၅၇ ဦး ကုသပေးပြီး ၈-၁၀-၂၀၁၈ ရက်နေ့မှ ၁၉-၁၁-၂၀၁၈ ရက်နေ့ထိဖြစ်ပါတယ်ရှင်။ ထပ်မံဖြည့်ဆည်းပေးမည့်ကိစ္စများအနေနဲ့ အောက်ခြေဝန်ထမ်းများ နေရာများအတွက် နေ့စားဝန်ထမ်းများ အမြန်ဆုံး

ခန့်အပ်ထားပေးမည်ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် သစ်လွင်သူနာပြုများ ခန့်ထားချိန်၌ လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ ခန့်ထားပေးသွားမည်ဖြစ်ပါတယ်ရှင်။ မန္တလေးတိုင်းဒေသကြီး အတွက် သစ်လွင် ၁၀၉ ဦးလျာထားပြီး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် တွင် ခေတ်ခွဲခန်းကျွမ်းကျင်-၄ သင်တန်းဆင်းသည့်အခါ ဦးစားပေးခန့်ထားပေးသွားပါမည်ဖြစ်ပါ တယ်။ လွှမ်းခြုံလူဦးရေကတော့ ၄၅၀၀၀ ဦးဖြစ်ပါတယ်။

ဒုတိယအနေနဲ့ အနောက်လျှော်ဖြူကုန်းတိုက်နယ်ဆေးရုံရဲ့ လက်ရှိအခြေအနေကို တင်ပြသွား မှာဖြစ်ပါတယ်။ ဝန်ထမ်းအနေနဲ့ ဆရာဝန်တစ်ဦးခန့်ထားပါတယ်။ ဒေါက်တာနေမျိုးထွန်း ၁-၉-၂၀၁၈ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ အထက်တန်းသူနာပြုနှစ်ဦး ၁-၁၀-၂၀၁၈ ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ဆေးရုံသုံးပစ္စည်းများအနေနဲ့ ရရှိပြီးဆေးရုံသုံး ပစ္စည်းများ ၆-၈-၂၀၁၈ ရက်နေ့တွင် ပစ္စည်းလေးမျိုး၊ ၃၀-၈-၂၀၁၈ ရက်နေ့တွင် ပစ္စည်း ၈၅ မျိုး၊ ရုံးသုံးပစ္စည်းများအနေနဲ့ ၄-၉-၂၀၁၈ ခုနှစ်တွင် အမျိုး ၄၀ စုစုပေါင်း ၁၂၉ မျိုးပေးပို့ထားပြီး ဖြစ်ပါတယ်။ ဆေးဝါး ၇၁ မျိုးမှာ ၁၉-၉-၂၀၁၈ ရက်နေ့တွင် ၆၇ မျိုး၊ ၁-၁၁-၂၀၁၈ ရက်နေ့တွင် လေးမျိုး၊ ကျေးရွာမှဆေးဝါးလှူဒါန်းထားမှုကိုလည်း ကျွန်မတို့လက်ခံရရှိထားပါတယ်။ မီးရရှိမှု အခြေအနေနဲ့ ၆-၉-၂၀၁၈ ရက်နေ့မှာ စတင်ရရှိတဲ့အတွက်ကြောင့် ယာယီမီတာများနဲ့ စတင် ဆောင်ရွက်လျက်ရှိပါတယ်။ ဆေးရုံလုပ်ငန်းများကို မီးရရှိသည့်အချိန်မှာ စတင်ဆောင်ရွက်တဲ့အတွက် ကြောင့် စုစုပေါင်း ပြင်ပလူနာ ၄၁၄ ဦး ကုသပေးပြီး ၆-၉-၂၀၁၈ မှ ၁၉-၁၁-၂၀၁၈ ရက်နေ့အထိ စုစုပေါင်း လူနာဦးရေဖြစ်ပါတယ်။ ထပ်မံဖြည့်ဆည်းပေးမည့် ကိစ္စများအနေနဲ့ အောက်ခြေဝန်ထမ်းများ နေရာများအတွက် နေ့စားဝန်ထမ်းများ အမြန်ဆုံးခန့်အပ်ပေးထားမှာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် သစ်လွင်သူနာပြုများခန့်ထားချိန်၌ လိုအပ်သောလုပ်ငန်းများပေါ်မူတည်၍ ဦးစားပေး ခန့်ထားပေးမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးအတွက် သစ်လွင် ၁၀၉ ဦးခန့်ထားရန် ရည်ရွယ်ထား ပါကြောင်း တင်ပြအပ်ပါတယ်။ လွှမ်းခြုံလူဦးရေ ၄၀၀၀၀ ဖြစ်ပါတယ်။

သီးပင်တိုက်နယ်ဆေးရုံလက်ရှိအခြေအနေ ဝန်ထမ်းဆရာဝန် ခန့်ထားပြီးဖြစ်ပါတယ်။ ဒေါက်တာဒေါ်ကြည်မိုးမိုးခိုင် ဖြစ်ပါတယ်။ ၅-၁၀-၂၀၁၈ ခုနှစ်တွင် အလုပ်စတင်ဝင်သော်လည်း ၆-၁၀-၂၀၁၈ ခုနှစ်တွင် မီးဖွားခွင့်စတင်ခံစားပြီး လုပ်ငန်းမဝင်နိုင်သေးပါ။ အထက်တန်းသူနာပြုနှစ်ဦး ခန့်ထားပြီး လက်ရှိ ရမည်းသင်းဆေးရုံတွင် တွဲဖက်တာဝန်ချထားပါတယ်။ ပစ္စည်းရရှိမှုအနေနဲ့ ၆-၈-၂၀၁၈ ရက်နေ့တွင် ပစ္စည်းလေးမျိုး၊ ဆေးရုံသုံးပစ္စည်းများ ၃၀-၈-၂၀၁၈ ရက်နေ့တွင် ၈၅ မျိုး၊ ရုံးသုံးပစ္စည်းများ ၄-၉-၂၀၁၈ ခုနှစ်တွင် ပစ္စည်းအမျိုး ၄၀ စုစုပေါင်း ၁၂၉ မျိုးကို ပေးအပ်ထားပြီး ဖြစ်ပါတယ်။ ဆေးဝါးများက မပေးရသေးပါ။ ဆေးရုံလုပ်ငန်းစတင်သည့်အခါမှာ မြို့နယ်ကနေ ပေးရန်အတွက် စီစဉ်ဆောင်ရွက်ထားမှုရှိပါတယ်။ ဆေးရုံလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ မီးများရရှိပါက ဆေးရုံလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။ ထပ်မံ ဖြည့်ဆည်းပေးမည့် ကိစ္စများကတော့ ၁၉-၁၁-၂၀၁၈ ရက်စွဲပါစာအမှတ်ဖြင့် ၂၅ ကေဗွီ မီးစက်တစ်လုံး ခွင့်ပြုရန်တင်ပြထားပြီး ပို့ဆောင်တပ်ဆင်ရန် ဆောင်ရွက်လျက်ရှိနေပါတယ်။ အောက်ခြေဝန်ထမ်းများ နေ့စားဝန်ထမ်းများကို အမြန်ဆုံးခန့်ထားပေးမှာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင်

သူနာပြုသစ်လွင်များခန့်ထားချိန်တွင် လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်ပြီး ဦးစားပေး ခန့်ထားသွားမှာ ဖြစ်ပါတယ်ရှင်။ လွှမ်းခြုံလူဦးရေ ၂၀၀၀၀ ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဆက်စပ်မေးခွန်း မေးမြန်းတင်ပြခွင့်ပြုပါ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေနဲ့ အခုလို တိုက်နယ်ဆေးရုံ အတွက် လိုအပ်တဲ့လိုအပ်ချက်တွေကို အထိုက်အလျောက်ဖြည့်ဆည်းဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်း ဦးစွာပထမ တင်ပြအပ်ပါတယ်။ အဲဒီအထဲမှာ တင်ပြသွားတဲ့အထဲမှာ စေလွှတ်ထားတဲ့ သူနာပြုတွေထဲမှာ အနောက်လျှော်ဖြူကုန်းဆေးရုံနဲ့ ရန်အောင်ဆေးရုံက သူနာပြု ခန့်ထားတာနှစ်ဦးပဲရှိပါတယ်။ တစ်ဦးဆီက သင်တန်းသွားတတ်နေပါတယ်။ ဒါကြောင့်မို့လို့ ဆရာဝန်နဲ့ သူနာပြုတစ်ဦးပဲ လက်ရှိရှိနေတဲ့အတွက် ဒါကိုလည်း သင့်တော်ရာ ဆေးရုံတွေကနေ စေလွှတ်တွဲဖက် ပေးနိုင်က ပေးနိုင်ဖို့ တစ်ချက်တင်ပြလိုပါတယ်။ နောက်တစ်ခုကတော့ သီးပင်တိုက်နယ်ဆေးရုံ ဖြစ်ပါတယ်။ သီးပင်တိုက်နယ်ဆေးရုံဟာ ပျော်ဘွယ်မြို့နယ်ရဲ့အစွန်ဆုံးဒေသဖြစ်ပါတယ်။ ဒီ့အတွက် မီးရရှိမှ ဆေးရုံလုပ်ငန်းလုပ်ဆောင်မယ်ဆိုရင် ဒီဒေသကို မီးရောက်ဖို့ ကျွန်တော်တို့ ကြိုးစားနေဆဲပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၂၅ ကေဗွီအေ မီးစက်စီစဉ်ပေးမယ်ဆိုရင်လည်း လက်ခံပါတယ်။ ဒါမှမဟုတ် ဆိုလာစနစ်နဲ့ ဆောင်ရွက်ပေးမယ်ဆိုရင်တော့ ပိုပြီးသင့်တော်ကြောင်း တင်ပြလိုပါတယ်။ အဲဒီဆေးရုံဟာ ပိုပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အလှမ်းဝေးတဲ့အတွက် ဒီဆေးရုံအတွက် လိုအပ်တဲ့ မီးဖွားခွင့်သွားနေတဲ့ ဆရာဝန်အစား သီးခြားဆရာဝန်တစ်ယောက်၊ နောက်တစ်ခါ ရမည်းသင်းကို သွားတွဲဖက်နေတဲ့ သူနာပြုနှစ်ယောက်။ ဒါတွေကို အမြန်စေလွှတ်ပေးပြီးတော့ ခုန လျှော်ဖြူကုန်းနဲ့ ရန်အောင်တိုက်နယ်ဆေးရုံတွေလို လိုအပ်တဲ့ဆေးဝါးတွေနဲ့ ဖြည့်ဆည်းဆောင်ရွက် ပေးပြီးတော့ ဆေးကုသမှုကို ဆောင်ရွက်ပေးစေလိုပါတယ်။ ဒီလုပ်ငန်းတွေကို မည်သည့်အချိန်မှာ ဆောင်ရွက်ပေးနိုင်မယ်ဆိုတာကို ဆက်စပ်ပြီးတော့ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ သီးပင်တိုက်နယ်ဆေးရုံအတွက်ကို ၂၅ ကေဗွီ မီးစက်တစ်လုံး လျင်မြန်စွာပို့ဆောင်နိုင်ရေးအတွက် ဆောင်ရွက်သွားပေးပါမယ်။ ခုန ကိုယ်စားလှယ် တော်ကြီးတင်ပြသွားသလိုပဲ ဆရာဝန်နဲ့သူနာပြုများကိုလည်း ခန့်ထားပြီးသူနာပြုများကိုလည်း ပြန်လည်ပေးပို့ပြီးတော့ ဆရာဝန်တစ်ဦးကိုလည်း တွဲဖက်တာဝန်ပေးရန်အတွက် ကျွန်မတို့ အစွမ်းကုန် ကြိုးစားပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်ရှင်။ လိုအပ်တဲ့ သူနာပြုတွေကိုတော့ သူနာပြုသစ်လွင် တွေဝင်လာတဲ့အခါမှာ ဆက်လက်ပြီးတော့ ခန့်ထားပေးသွားမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**မြင်းမူမြို့ စည်ပင်သာယာရေးဈေး အဆင့်မြှင့်တင်ဆောက်လုပ်ရန် လိုအပ်နေသည့် ဆေးရုံအဟောင်း မြေဧရိယာ ၁.၂၈၃ ဧကအား လွှဲပြောင်းပေးရန် ခွင့်မပြုခဲ့ခြင်းကိစ္စအား ပြန်လည်သုံးသပ်၍ ကော်မတီသို့ လွှဲပြောင်းအသုံးချခွင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြင်းမူမဲဆန္ဒနယ်မှ ဦးစိုးစံသက်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးစံသက်ထွန်း(မြင်းမူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ မြင်းမူမဲဆန္ဒနယ်က ကျွန်တော် ဦးစိုးစံသက်ထွန်း က ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယနေ့အစည်းအဝေးမှာ ကျွန်တော့်အနေနဲ့ မြင်းမူမြို့ စည်ပင်သာယာ ရေးဈေး တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် လိုအပ်နေတဲ့ ဆေးရုံဝန်းဟောင်း မြေနေရာရရှိရေးနှင့် စပ်လျဉ်းပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြင်းမူမြို့နယ် ဟာ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ ရပ်ကွက်လေးခုနှင့် ဖွဲ့စည်းထားပြီးတော့ လူမှုစီးပွားဘဝ အသင့်အတင့် ဖွံ့ဖြိုးမှုရှိတဲ့မြို့နယ်တစ်ခုဖြစ်ပါတယ်။ အခု မေးခွန်းမှာပါဝင်တဲ့ မြင်းမူမြို့မဈေးဟာ မုံရွာ-မန္တလေး ကားလမ်းမပေါ်မှာ တည်ရှိပြီးတော့ တစ်နယ်လုံးက အားထားရတဲ့ဈေးတစ်ခုဖြစ်ပါတယ်။ လက်ရှိ ဈေးရဲ့အခြေအနေဟာ ပျံကျဈေးသည်တွေအတွက် ပေ ၅၀ ပတ်လည်လောက်ပဲရှိတဲ့ မြေကွက်ရှိပါ တယ်။ ပျံကျဈေးသည် ၇၀၀ ကျော်ဟာ ဒီဈေးပတ်လမ်းတွေပေါ်မှာ၊ ရပ်ကွက်ကို ဝင်တဲ့လမ်းတွေ ပေါ်မှာ၊ မုံရွာ-မန္တလေးကားလမ်းမတွေပေါ်မှာ တက်ပြီးတော့ ရောင်းနေရပါတယ်။ အမိုးအကာမရှိ မိုးရွာစို၊ နေပူခြောက်နဲ့ ကျွန်တော်တို့ ဖြစ်သလိုရောင်းချနေရတဲ့အနေအထားဖြစ်ပါတယ်။ ဒီလိုဆိုတော့ ကျွန်တော်တို့ ဒီဈေးကို တိုးချဲ့ဆောက်လုပ်ဖို့ရာအတွက် မြေနေရာဟာ လိုအပ်လာပါတယ်။ ဒီလိုအပ်ချက်ကြောင့်ပဲ ၂၀၁၄ ခုနှစ်မှာ ကျန်းမာရေးဝန်ကြီးဌာနက မြင်းမူမြို့နယ်မှာ တိုင်းရင်းဆေးရုံ တစ်ခုတည်ဆောက်ဖို့ မြေနေရာလိုအပ်တဲ့အခါ မြင်းမူမြို့နယ် စည်ပင်သာယာရေးကော်မတီပိုင်တဲ့ မြေ သုံးဧကကို ကျန်းမာရေးဝန်ကြီးဌာနကို လွှဲပေးခဲ့ပါတယ်။ ဒီလိုလွှဲပေးပြီးတော့ မြင်းမူဆေးရုံ ဝင်းဟောင်း မြေနေရာကို မြို့နယ်စည်ပင်သာယာရေးကော်မတီကို လွှဲပြောင်းရရှိနိုင်ရေးအတွက် စတင် ဆောင်ရွက်ခဲ့ပါတယ်။ ဒီဆောင်ရွက်ချက်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ ပြည်ထောင်စုအစိုးရအဖွဲ့ထံကို ညှိနှိုင်းစာပေးပို့ခဲ့ပါတယ်။ ဒီလိုပေးပို့ပြီးတဲ့နောက်မှာ ကျန်းမာရေး ဝန်ကြီးဌာနက ဒီဆေးရုံဝင်းဟောင်းထဲမှာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန အခုကတော့ ပြည်သူ့ ကျန်းမာဦးစီးဌာန ဖွင့်လှစ်ထားတာဖြစ်လို့ ဒီအတွက် မြေနှင့်အဆောက်အဦ အစားထိုးပေးနိုင်မယ် ဆိုရင် ဒီဆေးရုံဝင်းဟောင်းလွှဲပြောင်းရေးကို အဆင်ပြေအောင်ဆောင်ရွက်မယ်လို့ အကြောင်းပြန်ကြား ခဲ့ပါတယ်။ ဒီလိုအကြောင်းပြန်ကြားတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်နှင့်အညီ မြင်းမူမြို့နယ် စည်ပင်သာယာရေးကော်မတီကနေ အကုန်အကျခံပြီးတော့ ပေ ၅၀ ပေ ၃၀ ရှိတဲ့ RC နှစ်ထပ်အဆောက်အဦအသစ်ကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မြေနေရာမှာ ဆောက်လုပ် ပေးခဲ့ပါတယ်။ ဆောက်လုပ်ပြီးတဲ့အခါမှာ ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရကတစ်ဆင့် ကျန်းမာရေး ဝန်ကြီးဌာနကို ဒီအဆောက်အဦအသစ်ကို လွှဲပြောင်းရယူပြီးတော့ ဆေးရုံဝင်းဟောင်းမြေနေရာကို လွှဲပြောင်းရရှိနိုင်ရေး ညှိနှိုင်းစာပေးပို့ခဲ့ပါတယ်။ အဲဒီလိုပေးခဲ့တဲ့အခါမှာတော့ ကျန်းမာရေးဝန်ကြီး ဌာနက စီမံခန့်ခွဲမှုကော်မတီ ဆုံးဖြတ်ချက်အရ ဒီမြေနေရာကို ဆက်လက်အသုံးပြုမှာဖြစ်လို့ လွှဲပြောင်း

ခြင်းကို ခွင့်မပြုနိုင်ဘူးဆိုပြီးတော့ ပြန်လည်အကြောင်းပြန်လာပါတယ်။ ပထမတုန်းကတော့ အဆောက်အဦးနှင့်မြေနေရာ ရမယ်ဆိုလို့ရှိရင် လွှဲပေးမယ်လို့ ပြည်ထောင်စုအစိုးရဆီကို သဘောထားမှတ်ချက်ပေးခဲ့ပါတယ်။

နောက်အဆောက်အဦပြီးသွားလို့ လွှဲတဲ့အခါမှာတော့ ဒီမြေလွှဲရေးကိစ္စဟာ မဖြစ်နိုင်ဘူးဆိုတာဟာ ဖြစ်လာရပါတယ်။ တကယ်တော့ ဒီလိုမျိုးနှောင့်နှေးမှုတွေ၊ ကြန့်ကြာမှုတွေ၊ ရှေ့နောက်မညီမှုတွေ ဖြစ်ပေါ်ခဲ့တဲ့အတွက် ဒါ ကျွန်တော်တို့ မြို့နယ်မှာရော၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနတာဝန်ရှိသူတွေအပေါ်မှာရော နစ်နာမှုတွေ၊ မလိုလားအပ်တဲ့ အထင်လွဲမှားမှုတွေ ဖြစ်စေခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးခွန်းမေးမြန်းတဲ့အခြေအနေရောက်ရှိလာတာဖြစ်ပါတယ်။ အခုလိုမေးခွန်းမေးမြန်းပြီးတဲ့အချိန်မှာတော့ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့ ပြန်လည်စိစစ်သုံးသပ်ရေးကော်မတီဖွဲ့ပြီးတော့မှ ဒီကိစ္စတွေကို ပြန်လည်စိစစ်တဲ့အခါမှာ သဘောတူညီမှုတချို့လည်းရခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မြင်းမူမြို့ ဒီစည်ပင်သာယာဈေးတိုးချဲ့ရေးအတွက် အဆင်ပြေမယ့်အဖြေတစ်ခုဖြစ်လိမ့်မယ်လို့ မျှော်လင့်ရင်း အောက်ပါမေးခွန်းကိုမေးမြန်းအပ်ပါတယ်။ မြင်းမူမြို့ စည်ပင်သာယာဈေးအဆင့်မြှင့်တင်ဆောက်လုပ်ရန် လိုအပ်နေသည့်ဆေးရုံဝင်းဟောင်း မြေဧရိယာ ၁.၂၈၃ ဧကအား လွှဲပြောင်းပေးရန် ခွင့်မပြုခဲ့ခြင်းကိစ္စအား ပြန်လည်သုံးသပ်၍ ကော်မတီသို့ လွှဲပြောင်းအသုံးချခွင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် လွှဲပြောင်းပေးမည် မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်း၏ အဆင့်ဆင့်သောညွှန်ကြားမှုများဖြင့် လိုအပ်သောအစားထိုးပေးမှုများ စီစဉ်လုပ်ဆောင်မည်ဖြစ်သော မြင်းမူမြို့ စည်ပင်သာယာရေးဈေးအဆင့်မြှင့်တင်ဆောက်လုပ်ရန် လိုအပ်နေသည့် ဆေးရုံဟောင်းမြေဧရိယာ ၁.၂၈၃ ဧကအားလွှဲပြောင်းပေးရန် ခွင့်မပြုခဲ့ခြင်းကိစ္စအား ပြန်လည်သုံးသပ်၍ ကော်မတီသို့ လွှဲပြောင်းအသုံးချခွင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင် လွှဲပြောင်းပေးမည်နှင့် မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ မြင်းမူမြို့နယ် ဆေးရုံအဟောင်းမြေနေရာတွင် လက်ရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာန ဖွင့်လှစ်လျက်ရှိပြီး ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် အဆိုပါ ဌာနမှဝန်ထမ်းများနှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများလည်း နေထိုင်လျက်ရှိပါတယ်။ မြင်းမူမြို့နယ်ဈေး၊ စည်ပင်သာယာဈေး အဆင့်မြှင့်တင်ဆောက်လုပ်ရန် လိုအပ်နေသည့်အတွက်ဆေးရုံဟောင်းမြေဧရိယာ ၁.၂၈ ဧကအား ပြန်လည်စွန့်လွှတ်ပေးမည်ဖြစ်ပါကြောင်း ၃၀-၈-၂၀၁၈

ရက်နေ့တွင် ကျင်းပခဲ့သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁၁/၂၀၁၈)မှ ဆုံးဖြတ်ခဲ့ပါတယ်။ ဌာနပိုင်မြေကို စွန့်လွှတ်ပေးရန်အတွက် အဆိုပါ ဆေးရုံဟောင်းမြေနေရာတွင် ဖွင့်လှစ်ထားသော မိခင်နှင့်ကလေးကျန်းမာရေးဌာနကို ပြည်သူလူထု လက်လှမ်းမီသည့်နေရာသို့ ပြောင်းရွှေ့၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ပေးနိုင်ရန် လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုများ စဉ်ဆက်မပြတ် လုပ်ကိုင်နိုင်ရန်အတွက် ပြည်သူလူထု လက်လှမ်းမီသည့်မြေနေရာရရှိရေး ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရန်အပါအဝင် အချက်ပေါင်း ခုနစ်ချက်ပါဝင်သော ညှိနှိုင်းစာကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပါရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၁၃-၉-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၅(မကမ)၂၀၁၈-၁၅၂၃၆ ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ညှိနှိုင်း ပေးပို့ထားပြီးဖြစ်ပါတယ်ရှင်။

သို့ဖြစ်ပါ၍ မူလဆေးရုံဟောင်းမြေနေရာ၊ မြေဧရိယာ ၁.၂၈၃ ဧကအား ပြန်လည်စွန့်လွှတ်ပေး မည်ဖြစ်ပါကြောင်းနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက် ပေးနိုင်မည့် အဆောက်အဦဆောက်လုပ်နိုင်ရေးအတွက် မြေနေရာအစားထိုးရရှိရေး သက်ဆိုင်ရာဌာန များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချနေသော ကျွဲ၊ နွားများအား ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရတို့မှ မည်ကဲ့သို့ စီမံခန့်ခွဲပြီး ခွင့်ပြုထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပြီး ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချနေ သော ကျွဲ၊ နွားများအား ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့မှ မည်ကဲ့သို့ စီမံ ခန့်ခွဲ၍ မည်ကဲ့သို့ခွင့်ပြုထားသည်ကို သိရှိလိုပါသောမေးခွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၂ ခုနှစ်တွင် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေတွင် ကျွဲ၊ နွားများကို အရေးကြီးကုန်စည်အဖြစ်သတ်မှတ်ခဲ့ပြီး ကျွဲ၊ နွားအရှင်များကို ပြည်ပသို့ တရားဝင်တင်ပို့ခွင့်နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၉-၁၀-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၉/၂၀၁၇)ဖြင့် ထုတ်ပြန်ခဲ့ပါတယ်။ အမှန်တကယ် နိုင်ငံတော်အနေဖြင့် တိုင်းပြည်အခွန်ဘဏ္ဍာပိုမိုရရှိဖို့၊ မှောင်ခိုဈေးကွက်တွေပပျောက်ဖို့၊ ဒေသခံ တောင်သူများ ကျွဲ၊ နွားများမွေးမြူသူများ ဈေးကောင်းကောင်းရရှိဖို့ ရည်ရွယ်ခဲ့တာဖြစ်ပါတယ်။

သို့သော်လည်း အောက်ခြေမှာက အခွန်ဘဏ္ဍာကို ထိထိရောက်ရောက်ရရှိအောင် မကောက်နိုင်ပါဘူး။ ဒါတွေဟာ ဘာကြောင့်ဖြစ်နေတာလဲ။ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်တွေကို မသိတာလား။ မသိချင်ယောင်ဆောင်နေတာလား။ မေးစရာဖြစ်လာပါတယ်။ ဘာဖြစ်လို့ဒီစကားတွေပြောရတာလဲဆိုရင် တိုင်းဒေသကြီး/ပြည်နယ်များမှာရှိတဲ့ ခိုင်းကျွဲ၊ ခိုင်းနွားများဟာ အမြို့မြို့အနယ်နယ်မှာ ဝယ်ယူမည်ဆိုပါက သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးထံလိပ်မူ၍ သယ်ဆောင်ခွင့်ပြုမိန့်ကို ကြိုတင်ပြီးတော့ သယ်ဆောင်မည့်ကျွဲ၊ နွားအကောင်အရေအတွက်၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ထောက်ခံချက်ဖြင့် ခရိုင်အတွင်း ဝယ်ယူစုဆောင်းသယ်ဆောင်မည်ဆိုပါက ခရိုင်စီမံခန့်ခွဲမှုကော်မတီခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်တကယ်မြေပြင်မှာက ကျေးရွာအုပ်စုထောက်ခံချက်လက်မှတ်ပါ မြို့နယ်အုပ်ချုပ်ရေးမှူးရဲ့ခွင့်ပြုမိန့်၊ မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနရဲ့ထောက်ခံချက်မပါဘဲနဲ့ ထင်သလိုသယ်၊ ထင်သလိုသွားနေတာတွေ အများကြီးတွေ့ရပါတယ်။ ဥပမာ- ကျွန်တော့်မဲဆန္ဒနယ်မှာဆိုလို့ရှိရင် ၁၃-၄-၂၀၁၈ ရက်နေ့က ငဖဲမြို့နယ်ဘက်ကနေ သယ်ဆောင်လာတဲ့ကားတစ်စီးမှာ ကျွဲ ၁၀ ကောင်ကို မိုးကာအလုံပိတ်ပြီးတော့ သယ်ဆောင်လာတာ တွေ့ရပါတယ်။ တံတားလုံခြုံရေးအဖွဲ့တွေကနေပြီးတော့ မသင်ကာလို့စိစစ်လိုက်တဲ့အခါမှာ တရားမဝင်သယ်ဆောင်လာတဲ့ကျွဲတွေဖြစ်တာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အဲဒီကျွဲတွေဟာ ဒီကနေ့အချိန်အထိ တရားရုံးရောက်သလား။ ရဲစခန်းမှာလားဆိုတာ ယနေ့အချိန်အထိ ပြီးပြတ်အောင် မသိရသေးပါဘူး။ ဒီလိုတွေသွားနေတာတွေ ဘယ်လောက်များမလဲ။ ဒါတင်မကသေးပါဘူး။ တိုင်းဒေသကြီး/ပြည်နယ်အတွင်း ခရိုင်ကျော်ဝယ်ယူစုဆောင်းသယ်ယူမည်ဆိုပါက ခရိုင်အချင်းချင်း ချိတ်ဆက်ပြီး ထောက်ခံချက်စာရွက်စာတမ်းအပြည့်အစုံဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်ပြီးမှ သယ်ဆောင်ခွင့် ခွင့်ပြုတာဖြစ်ပါတယ်။ သို့သော်လည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရကမသိလိုက်ဘဲ တိုင်းဒေသကြီးကျော်၊ ပြည်နယ်ကျော်သယ်ဆောင်တာတွေ၊ နယ်စပ်ရောက်မှမိတာတွေ၊ သယ်ဆောင်ခွင့်လက်မှတ်တွေကို နှစ်ကျော့ပြန်သုံးတာတွေ ရှိနေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရမှခွင့်ပြုပေးလိုက်တဲ့ ကုမ္ပဏီတွေ စုဆောင်းထားရှိမယ့်စုရပ်တွေကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရမှ မသိတာတွေတောင်ရှိပါတယ်။ ဒါတွေဟာ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့ အချိတ်အဆက်မမိဖြစ်နေတာပါ။ ဒေသကိုင်သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းတွေကလည်း ထိထိရောက်ရောက်ဆောင်ရွက်မှုတွေ အားနည်းနေတာကို တွေ့ရပါတယ်။ အမှန်တကယ် နိုင်ငံတော်မှ တိုင်းပြည်အခွန်ဘဏ္ဍာတိုးအောင် မွေးမြူရေးသမားတွေ၊ တောင်သူလယ်သမားတွေ အကျိုးရှိအောင် စေတနာထားဆောင်ရွက်သော်လည်း လုပ်ထုံးလုပ်နည်းလွဲမှားတာတွေ၊ ကိုယ့်အတွက်အကျိုးမရှိလို့ မသိကျိုးကျွံပြုနေတာတွေဟာ တိုင်းပြည်အတွက်၊ နိုင်ငံအတွက် များစွာနစ်နာပြီး လူတစ်စု၊ အဖွဲ့အစည်းတစ်ခုအတွက် အကျိုးစီးပွားဖြစ်ထွန်းမှာဖြစ်တဲ့အတွက် ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းကို ရိုသေစွာမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ပြည်ထောင်စုအဆင့် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းမေးမြန်းတဲ့ မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့၏ ဖြေကြားချက်များကို ပေါင်းစပ်ပြီး ကျွန်တော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွဲ၊ နွားများအား ပြည်တွင်းသယ်ယူရောင်းချခြင်းနှင့်ပတ်သက်၍ ကျွဲ၊ နွားများကို ဒေသတစ်ခုမှတစ်ခုသို့ သယ်ဆောင်မည်ဆိုပါက ကျွဲ၊ နွားများမှတစ်ဆင့် လူကိုကူးစက်အန္တရာယ်ဖြစ်စေသည့် ရောဂါမဖြစ်ပွားစေရန် တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ်၊ ရောဂါကင်းရှင်းကြောင်းထောက်ခံချက်လက်မှတ်များဖြင့် သယ်ယူခွင့်ပြုခြင်း၊ သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ နွားပွဲစျေးအရောင်းအဝယ်လက်မှတ်များကိုင်ဆောင်၍ သယ်ဆောင်ခွင့်ပြုခြင်းများကို ခွင့်ပြုလျက်ရှိပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်ရှိ ခိုင်းကျွဲ၊ ခိုင်းနွားများအား အမြို့မြို့အနယ်နယ်မှ ဝယ်ယူမည်ဆိုပါက သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးထံလိပ်မူ၍ သယ်ဆောင်ခွင့်ပြုမိန့်ကို သယ်ဆောင်မည့်ကျွဲ၊ နွားအရေအတွက်၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ထောက်ခံချက်၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရဲ့ ထောက်ခံချက်ဖြင့်လည်းကောင်း၊ ပြည်သူလူထုစားသုံးရန် သားသတ်လိုင်စင်ရရှိသူများမှ ကျွဲ၊ နွားများအား သက်ဆိုင်ရာ ခရိုင်/မြို့နယ်အတွင်း ဝယ်ယူစုဆောင်းသယ်ဆောင်ရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ရဲ့ထောက်ခံချက်ဖြင့် မြို့နယ်/ခရိုင်စီမံခန့်ခွဲမှုကော်မတီသို့ ကြိုတင်ခွင့်ပြုချက်ရယူဆောင်ရွက်ကြပြီး ခရိုင်အတွင်း ဝယ်ယူစုဆောင်းသယ်ဆောင်မည်ဆိုပါက ခရိုင်စီမံခန့်ခွဲမှုကော်မတီရဲ့ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ခရိုင်ကျော်ဝယ်ယူစုဆောင်းသယ်ဆောင်လိုလျှင် သွားရောက်ဝယ်ယူရမည့်ခရိုင်နှင့် ဝယ်ယူလိုသည့်ခရိုင်အပေါ်မူတည်၍ သက်ဆိုင်ရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီအချင်းချင်း ချိတ်ဆက်လျက် လိုအပ်သော ထောက်ခံချက်စာရွက်စာတမ်း အပြည့်အစုံဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရက ခွင့်ပြုပေးလျက်ရှိပါတယ်။ အခြားတိုင်းဒေသကြီး/ပြည်နယ်တို့မှ တိုင်းကျော်/ပြည်နယ်ကျော် ဝယ်ယူသယ်ဆောင်လိုပါက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များရဲ့ခွင့်ပြုချက်ဖြင့် သယ်ဆောင်ရာလမ်းကြောင်းတစ်လျှောက် ဖြတ်သန်းသွားလာနိုင်ရေးကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့အကူအညီဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းချက်မှာပါရှိတဲ့ မှောင်ခိုစျေးကွက်၊ တရားမဝင်လမ်းကြောင်းမှ

ရောင်းချခြင်းနှင့်ပတ်သက်၍တင်ပြရရင် ကျွဲ၊ နွားများ တရားဝင်တင်ပို့ခွင့်မပြုမီ ထိုင်းနိုင်ငံ မဲဆောက် အကောက်ခွန်ဌာနမှရရှိတဲ့စာရင်းများအရ မြန်မာနိုင်ငံမှ ကျွဲ၊ နွားတွေကို ထိုင်းနိုင်ငံဘက်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ၈၄၆၈၉ ကောင်ခန့်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ၆၁၄၄၉ ကောင်ခန့်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ၈၆၄၆၆ ကောင်ခန့် တရားမဝင်တင်ပို့ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့လည်း တရားမဝင်တင်ပို့လျက်ရှိကြောင်း မြေပြင်သတင်းများအရ သိရှိရပါတယ်။ သို့ဖြစ်၍ ကျွဲ၊ နွားအရှင်များကို ပြည်ပသို့ တရားမဝင်တင်ပို့မှုများ လျှော့နည်းစေပြီး နိုင်ငံရဲ့ ပို့ကုန်ဝင်ငွေနှင့် အခွန်တိုးမြှင့်ရရှိစေဖို့၊ နယ်စပ်ဖြတ်ကျော်ကူးစက်ရောဂါတွေကို ထိန်းချုပ်နိုင်ဖို့နှင့် တောင်သူများအနေနဲ့ မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေဖို့ စတဲ့ရည်ရွယ်ချက်များဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့သလို ကျွဲ၊ နွား ပြည်ပတင်ပို့ရောင်းချခွင့်ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှာ ခွင့်ပြုပေးခဲ့ပါတယ်။ တစ်ဖက်မှာလည်း နိုင်ငံအတွင်း ကျွဲ၊ နွားအရင်းအမြစ်များ စဉ်ဆက်မပြတ်တည်တံ့စေဖို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ်၊ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း၊ ရွှေ့ပြောင်းစီမံကိန်းစာရင်းများအရ မြန်မာနိုင်ငံမှာ ကျွဲကောင်ရေ ၁၈ သိန်း၊ နွားကောင်ရေ ၉၇ သိန်း စုစုပေါင်း ၁၁၅ သိန်းရှိတယ်လို့ ခန့်မှန်းထားပါတယ်။

ပြည်ပတင်ပို့တဲ့လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီးတော့ စံသတ်မှတ်ထားတဲ့လုပ်ငန်းစဉ်(Standard Operating Procedure-SOP)ကို ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ တင်ပို့ခွင့်ပြုရာမှာ အသက်ငါးနှစ်နှင့်အထက် ကျွဲ၊ နွားများကိုသာ တင်ပို့ခွင့်ပြုထားပြီး နွားထီးဖြစ်မယ်ဆိုရင် သင်းကွပ်ပြီး တင်ပို့စေပါတယ်။ ပြည်တွင်းပြည်ပကို တင်ပို့ရောင်းချနေသော ကျွဲ၊ နွားများကို ကာကွယ်ဆေးထိုးပြီးကြောင်း ထောက်ခံချက်လက်မှတ်၊ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ်၊ မွေးမြူရေးခြံလုပ်ငန်းမှတ်ပုံတင်လက်မှတ်တို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပေးပါတယ်။ ထောက်ခံချက်တစ်စောင်လျှင် အကောင်ရေ ၁၀၀ အတွက်ထုတ်ပေးပြီး ယင်းထောက်ခံချက်များအတိုင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပို့ကုန်လိုင်စင်ခွင့်ပြု ထုတ်ပေးလျက်ရှိပါတယ်။ ပို့ကုန်လိုင်စင် ထုတ်ပေးထားရှိမှုအခြေအနေများကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကို အသိပေး၍ သယ်ဆောင်ရာလမ်းကြောင်းအလိုက် လွယ်ကူလျင်မြန်ချောမွေ့စွာ ဖြတ်သန်းသွားလာရေးကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွဲ၊ နွား ပြည်ပတင်ပို့ခွင့်ပြုတဲ့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကစပြီး ယခုနှစ် နိုင်ဝင်ဘာလ ၁၆ ရက်နေ့အထိ တရားဝင်တင်ပို့ခွင့်ပြုတဲ့အရေအတွက်ဟာ ကျွဲ ၂၈၆၃၂ ကောင်နဲ့ နွား ၁၈၆၇၀၁ ကောင် စုစုပေါင်း ၂၁၅၃၃၃ ကောင်၊ တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၂၆၁.၂၆၄ သန်းမျှရှိပါတယ်။ ရောဂါကင်းရှင်းတဲ့ ကျွဲ၊ နွားများတင်ပို့ရေးအတွက်ကိုလည်း မြန်မာနိုင်ငံ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ယူနန်ပြည်နယ် ကုန်ပစ္စည်းအရည်အသွေးထိန်းချုပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားကင်းစေရေးအထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့နှင့် ညှိနှိုင်းလျက်ရှိပြီး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နိုင်အောင် ကြိုးပမ်းလျက်ရှိပါတယ်။ နိုင်ငံတော်မှ ရသင့်ရထိုက်သောအခွန်ဘဏ္ဍာများ မှန်မှန်ကန်ကန် ရရှိရေး ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းခသော ကျွဲ၊ နွားများကို ကာကွယ်ဆေးထိုးပြီးကြောင်း ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း၊ တိရစ္ဆာန်းကျန်းမာရေး ထောက်ခံချက်ထုတ်ပေးခြင်း၊ မွေးမြူရေးခြံလုပ်ငန်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းစသည်တို့ အတွက် ရရှိတဲ့အခကြေးငွေများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ရန်ပုံငွေကို ပေးသွင်းလျက် ရှိပါတယ်။ ဒါ့အပြင် ပြည်ပသို့တင်ပို့မယ့် ကျွဲ၊ နွားများအတွက် ကျန်းမာရေးစစ်ဆေးတဲ့ Animal Quarantine Fees အခကြေးငွေကို ပြည်ထောင်စုအစိုးရအဖွဲ့ရန်ပုံငွေသို့ ပေးသွင်းဆောင်ရွက် လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဆန်စပါးနှင့် ပဲမျိုးစုံအပါအဝင် လယ်ယာထွက်ကုန်သီးနှံများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်ကို တောင်သူများ တွက်ခြေကိုက်သည့် ဈေးကွက်နှင့် ဈေးနှုန်းရရှိအောင် ပြည်ပဈေးကွက်များသို့ ပိုမိုထိုးဖောက် ဝင်ရောက်လာနိုင်စေရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ဆန်စပါးနှင့် ပဲမျိုးစုံအပါအဝင် လယ်ယာထွက်ကုန်သီးနှံတွေရဲ့ထုတ်လုပ်မှုကုန်ကျစရိတ်ကို မြေပြင် ပကတိအခြေအနေအတိုင်း မှန်ကန်စွာလေ့လာပြီး တောင်သူများတွက်ခြေကိုက်တဲ့ဈေးကွက်နှင့် ဈေးနှုန်းရရှိအောင် ပြည်ပဈေးကွက်များသို့ ပိုမိုထိုးဖောက်ဝင်ရောက်လာနိုင်စေရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မည်သို့အစီအစဉ်တွေရှိတယ်ဆိုတာကို သိလိုတာဖြစ်ပါတယ်။ မေးခွန်းမေးမြန်းရတဲ့အကြောင်းအရင်းကို တင်ပြလိုပါတယ်။ နိုင်ငံလူဦးရေ ရာခိုင်နှုန်း ၇၀ ကျော်ဟာ ဝင်ငွေရရှိရေးနှင့် ကောင်းမွန်စွာရှင်သန်နေထိုင်သွားနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးကို အဓိက ထားလုပ်ဆောင်နေကြရတဲ့ စိုက်ပျိုးရေးနိုင်ငံဖြစ်ပေမဲ့ လက်ရှိအခြေအနေမှာတော့ စပါးစိုက်ပျိုးရာမှာ လည်း ရာသီဥတုဖောက်ပြန်တဲ့အတွက် အထွက်နှုန်းတွေဟာလျော့ပြီးတော့ ဈေးနှုန်းတွေဟာလည်း ကြမ်းခင်းဈေး ငါးသိန်းသတ်မှတ်ထားပေမဲ့ အထွက်နှုန်းလျော့ကျမှုကြောင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းမှ ထွက်ရှိတဲ့ထွက်ကုန်တန်ဖိုးဟာ တောင်သူတွေအမှန်တကယ်ကုန်ကျတဲ့စိုက်ပျိုးစရိတ်ထက် နည်းပါးတဲ့အတွက် တွက်ခြေမကိုက်ဖြစ်ကာ အရှုံးပေါ်မြဲဖြစ်နေရပါတယ်။ တစ်သီးအနေနဲ့စိုက်ပျိုး လုပ်ကိုင်ရင် ဘယ်လိုမှအဆင်မပြေတဲ့အတွက် နောက်တစ်သီးအဖြစ် ပဲမျိုးစုံကိုစိုက်ပျိုးကြရာမှာလည်း အဓိကဝယ်ယူနေတဲ့ အိန္ဒိယနိုင်ငံမှ ပဲဝယ်ယူမှု Forum ကို အကန့်အသတ်ဖြင့် သတ်မှတ်လိုက်တဲ့ အတွက်ကြောင့် ဈေးကွက်ပျက်ကာ ပဲမျိုးစုံဈေးနှုန်းတွေဟာကျဆင်းပြီး တောင်သူတွေအနေနဲ့ အရှုံး ပေါ်နေခြင်းနဲ့အတူ နာလန်မထူနိုင်တဲ့အခြေအနေဖြစ်လို့နေပါတယ်။ ဒါကြောင့်တောင်သူတွေဟာ လယ်ယာလုပ်ငန်းခွင်ကို စိတ်ဝင်စားမှုမရှိတော့ဘဲ လယ်ယာကိုခင်တွယ်လိုစိတ်များမရှိဖြစ်ကာ မိမိ တို့ရဲ့လယ်ယာလုပ်ငန်းတွေကို စွန့်ခွာပြီး ပြည်ပကိုအလုပ်သွားရောက်လုပ်ကိုင်သူတွေဟာလည်း

တစ်နေ့တခြားများပြားလို့နေပါတယ်။ ဒီလိုအခြေအနေမျိုးတွေဖြစ်ပေါ်နေခြင်းဟာ ကိုယ့်နိုင်ငံမှာ ထွက်ရှိတဲ့သီးနှံတွေကို ဝယ်ယူတဲ့နိုင်ငံများက ဝယ်ယူမှုရပ်ဆိုင်းလိုက်တာနဲ့ဈေးနှုန်းတွေဟာ မထိန်းနိုင်တော့ဘဲ အလွန်အမင်းကျဆင်းသွားပြီး စိုက်ပျိုးသူတောင်သူတွေဟာ အထိနာရခြင်းဖြစ်ပါတယ်။ ဝယ်ယူတင်သွင်းတဲ့နိုင်ငံတွေကလည်း သူတို့နိုင်ငံရဲ့စီးပွားရေးပေါ်လစီကြောင့် ဝယ်ယူတင်သွင်းမှုကို ကန့်သတ်လိုက်သော်ငြားလည်း မိမိတို့နိုင်ငံအနေဖြင့် ဒီလိုပြဿနာတွေပေါ်ပေါက်လာပြီဆိုရင် စိုက်ပျိုးသူတောင်သူများ အထိမနာရေးအတွက် အစီအစဉ်များလုပ်ပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မဒီမေးခွန်းကိုမေးမြန်းထားတာဟာ သတ္တမပုံမှန်အစည်းအဝေးမှာဖြစ်လို့ ကိုးလခန့်ရှိနေပြီဖြစ်ပြီး ထိုစဉ်က တောင်သူတွေ ပဲမျိုးစုံထွက်ရှိချိန်မှာ အိန္ဒိယမှပဲဝယ်ယူမှုမရှိတဲ့အတွက် ဈေးကွက်ပျက်ပြီးတော့ ဈေးနှုန်းတွေမတရားကျဆင်းတာကို ခံစားနေရတဲ့အချိန်ဖြစ်ပါတယ်။ ထိုစဉ်အချိန်က တောင်သူတွေဟာ လက်ထဲမှာလည်း ကြာရှည်စွာမသိုလှောင်ထားနိုင်ခြင်းကြောင့် ရတဲ့ဈေးဖြင့်သာ အရှုံးခံပြီးတော့ ရောင်းချကြရပါတယ်။ အခုအခါမှာတော့ အိန္ဒိယနိုင်ငံရဲ့ပဲလိုအပ်မှုကြောင့် မြန်မာနိုင်ငံမှ ပဲမျိုးစုံကို ပြန်လည်ဝယ်ယူခြင်းနှင့်အတူ ဈေးနှုန်းတွေဟာလည်း နှစ်ဆကျော်၊ သုံးဆခန့် ပြန်လည်တက်လာခဲ့ပါပြီ။ သို့ပေမဲ့ စိုက်ပျိုးသူတောင်သူတွေကတော့ ဘာမှအကျိုးခံစားခွင့်မရရှိဘဲ ကြွေးတင်ဝန်ပိခြင်းဖြင့်သာ အဖတ်တင်ခဲ့ရပါတယ်။ ဒါကြောင့် လယ်ယာထွက်ကုန်တွေထွက်ရှိချိန်မှ ဝယ်ယူမှုမရှိခြင်းကြောင့် ဈေးနှုန်းများကျဆင်းခြင်းကို တောင်သူများဆက်လက်ခံကြရအုံးမယ်ဆိုရင် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်နေကြရတဲ့ ကျွန်မတို့နိုင်ငံရဲ့တောင်သူများရဲ့ ဘဝကြွေးနွံကမလွတ်နိုင်ဘဲ နာလန်မထူဖြစ်ကာ တိုင်းပြည်စီးပွားရေးတိုးတက်မှုကိုလည်း အဟန့်အတားဖြစ်စေနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Import ကိုတော့ ကန့်သတ်ခြင်းမရှိဘဲ Export ကိုကန့်သတ်ခံရခြင်းရဲ့အကျိုးဆက်ကို တောင်သူများကသာ ခံစားကြရတဲ့အတွက် တောင်သူများရဲ့အကျိုးစီးပွားကို ကာကွယ်နိုင်ရေးနှင့် မြှင့်တင်ရေးတို့ကို တာဝန်ယူပြီး လက်တွေ့အောင်မြင်စွာဆောင်ရွက်ပေးဖို့ရန် လိုအပ်နေပြီဖြစ်ပါတယ်။ ထို့အတွက်ကြောင့် လယ်ယာထွက်ကုန်သီးနှံတွေရဲ့ထုတ်လုပ်မှုကုန်ကျစရိတ်တွေကို မြေပြင်ပကတိအခြေအနေအတိုင်း မှန်ကန်စွာလေ့လာပြီး တောင်သူများရဲ့သီးနှံထွက်ကုန်များ ထွက်ရှိလာချိန်မှာ ထွက်ကုန်ဈေးနှုန်းကို အမှန်တကယ်ကုန်ကျတဲ့စိုက်ပျိုးစရိတ်ထက် ပိုမိုမြင့်မားတဲ့ဈေးနှုန်းမျိုးရရှိအောင် မည်သို့အစီအစဉ်တွေနဲ့ဆောင်ရွက်မည်ကို သိလိုတဲ့အတွက်ကြောင့် အထက်ပါမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုရဲ့ မေးခွန်းနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး

ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းချက်မှာပါတဲ့ ဆန်စပါးနှင့် ပဲမျိုးစုံအပါအဝင် လယ်ယာထွက်ကုန်သီးနှံများရဲ့ ထုတ်လုပ်မှုကုန်ကျစရိတ် မြေပြင်ပကတိအခြေအနေ နှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ လယ်ယာထွက်ကုန်သီးနှံ များရဲ့ တစ်ဧက ထုတ်လုပ်မှုကုန်ကျစရိတ်များကို စိုက်ပျိုးရာသီအချိန်အတွင်း နှစ်စဉ်ကွင်းဆင်း စစ်တမ်းကောက်ယူလျက်ရှိပါတယ်။ စာရင်းကောက်ယူမှုအရ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်းမှာ မိုးစပါး တစ်ဧက ကုန်ကျစရိတ်ဟာ ၂၇၁၅၀၀ ကျပ်၊ နွေစပါးတစ်ဧက ကုန်ကျစရိတ်ဟာ ၂၈၉၅၀၀ ကျပ်ဖြစ်ကြောင်း သိရှိရပါတယ်။

ပဲမျိုးစုံနှင့်ပတ်သက်လို့ ပဲစင်းငုံသီးနှံတစ်ဧကကုန်ကျစရိတ်ဟာ သီးညှပ်ဖြစ်ပါက တစ်ဧက ၇၈၃၀၀ ကျပ်ခန့်ဖြစ်ပါတယ်။ ပဲစင်းငုံတစ်ခုတည်း စိုက်ပျိုးမှုမှာ တစ်ဧက ကုန်ကျစရိတ် ၁၅၃၆၀၀ ကျပ်ခန့်ရှိပြီး မတ်ပဲသီးနှံတစ်ဧက ကုန်ကျစရိတ်မှာ ၁၉၉၄၀၀ ကျပ်ခန့်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဆန်စပါးနှင့် ပဲမျိုးစုံအပါအဝင် လယ်ယာထွက်ကုန်သီးနှံများကို ပြည်ပသို့တင်ပို့ရာမှာ ဝယ်ယူသည့် နိုင်ငံများနှင့်ချိတ်ဆက်ဆောင်ရွက်ရပြီး ယင်းနိုင်ငံရဲ့ဝယ်လိုအားနှင့် နိုင်ငံတကာ ပေါက်ဈေးအပေါ် အခြေခံ၍ ရောင်းချရပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာမှာ ခိုင်မာတဲ့ ဈေးကွက်ရရှိရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာအစီအစဉ်ကို ရေးဆွဲချမှတ်အကောင်အထည် ဖော်လျက်ရှိပြီး လယ်ယာထွက်ကုန်ဖြစ်တဲ့ ဆန်၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ နှမ်း၊ ရော်ဘာ၊ ရေထွက် ပစ္စည်းတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

ကမ္ဘာ့ဆန်ဈေးကွက်ရရှိရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဆန်စပါးလုပ်ငန်းရှင်များပူးပေါင်း၍ ဆန်ဝယ်ယူသည့်နိုင်ငံများနှင့် ချိတ်ဆက်ရေးကို ဆောင်ရွက်ခဲ့ရာ အာဖရိကဆန်ဈေးကွက်အပါအဝင် ကမ္ဘာ့ဆန်ဈေးကွက်သို့ ပြန်လည်ချိတ်ဆက်နိုင်ခဲ့ပြီး ဆန်တင်ပို့မှုမှာ သိသိသာသာတိုးတက်လာခဲ့ပါတယ်။ ဆန်ဈေးကွက်ခိုင်မာစေရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နှစ်စဉ်ဆန်တန်ချိန် သုံးသိန်းရောင်းချရန် အစိုးရချင်း G to G လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ပါတယ်။ EU နိုင်ငံများ၊ အာဖရိကနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၆၁ နိုင်ငံအထိ ဈေးကွက်သစ်များရရှိခဲ့တဲ့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆန်တန်ချိန် ၃.၅၈ သန်းကျော်အထိ တင်ပို့နိုင်ခဲ့ပါတယ်။ ဒီလိုတင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံဟာ ကမ္ဘာ့ဆန်အများဆုံး တင်ပို့တဲ့နိုင်ငံငါးနိုင်ငံစာရင်းမှာ ပါဝင်လာခဲ့ပါတယ်။ ဆက်လက်ပြီး ဖိလစ်ပိုင်နိုင်ငံနဲ့ အင်ဒိုနီးရှား နိုင်ငံဈေးကွက်များကို ဆန်တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာမှာ မကြာမီ ဖိလစ်ပိုင်နိုင်ငံဈေးကွက် ကို ဆန်တိုးချဲ့တင်ပို့နိုင်မယ့်အခြေအနေရှိပါတယ်။ ပြောင်းတင်ပို့မှုကိုကြည့်မယ်ဆိုလို့ရှိလျှင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ တန်ချိန် ၁.၄ သန်းကျော် တင်ပို့နိုင်ခဲ့ပါတယ်။ နှမ်းတင်ပို့မှုကို ကြည့်မယ် ဆိုလို့ရှိရင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ တန်ချိန် ၁.၂ သန်းကျော် တင်ပို့နိုင်ခဲ့ပါတယ်။

ပဲမျိုးစုံတင်ပို့မှုမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ တန်ချိန် ၁.၃ သန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၈၈၃ သန်းကျော် တင်ပို့နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။ အိန္ဒိယနိုင်ငံအနေဖြင့် ရာသီဥတုကောင်းမွန်ပြီး ပဲအထွက်တိုးတက်ခြင်းကြောင့် မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း တင်သွင်းမှု Quota ကို ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ကန့်သတ်လိုက်ချိန်မှာ မြန်မာနိုင်ငံရဲ့ ပဲတင်ပို့မှုအပေါ်မှာ အကျိုး

သက်ရောက်မှုတွေရှိခဲ့ပါတယ်။ အိန္ဒိယနိုင်ငံမှ ထုတ်ပြန်ခဲ့တဲ့ ပဲတင်သွင်းမှုကန့်သတ်ချက်ဟာ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိသာ သက်ရောက်မှုရှိတဲ့အတွက် ပြန်လည်တင်ပို့နိုင်အောင် ပဲမျိုးစုံ တင်ပို့မှုဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေး အထူးလုပ်ငန်းအဖွဲ့ကို (UMFCCI) မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများနှင့်အတူ နယူးဒေလီမြို့သို့ ၂၀၁၈ ခုနှစ် မတ်လအတွင်း စေလွှတ်ခဲ့ပြီး ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် အစားအသောက်ဖြန့်ဖြူးရေးနှင့် စားသုံးသူရေးရာဝန်ကြီးဌာနတို့နှင့် တွေ့ဆုံကာ ပဲမျိုးစုံတင်ပို့နိုင်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေး ခဲ့ပါတယ်။ ဒီအပြင် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှာ ရန်ကုန်မြို့မှာ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး ဌာန ဒုတိယဝန်ကြီးတို့ တွေ့ဆုံစဉ်မှာလည်း မြန်မာနိုင်ငံမှ ပဲများတင်ပို့ရေး ဆွေးနွေးခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် မေလမှာလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ကို အိန္ဒိယနိုင်ငံကိုထပ်မံစေလွှတ်ပြီး အိန္ဒိယနိုင်ငံသို့ မြန်မာပဲများ တင်ပို့နိုင်ရေး ဆွေးနွေးခဲ့ပါတယ်။ ယင်းဆွေးနွေးမှုအပြီးမှာ အိန္ဒိယနိုင်ငံက ပြည်ပကနေပြီးတော့မှ ပဲတင်သွင်းမှု Quota များကို ပြန်လည်ခွင့်ပြုခဲ့ပါတယ်။ လက်ရှိအခြေအနေမှာတော့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောကြားတဲ့အတိုင်း အိန္ဒိယနိုင်ငံဘက်က မတ်ပဲနှင့် ပဲစင်းငုံများ အဝယ်လိုက်လာတဲ့အတွက် ဈေးကွက်အခြေအနေပြန်လည်ကောင်းမွန်လျက်ရှိပါတယ်။ အိန္ဒိယနိုင်ငံနဲ့ ပိုမိုခိုင်မာတဲ့ဈေးကွက်ရရှိနိုင်ဖို့အတွက် အာမခံဈေးနဲ့ နှစ်နိုင်ငံအစိုးရချင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရောင်းချနိုင်အောင်လည်း စီစဉ်လျက်ရှိပါတယ်။

တစ်ချိန်တည်းမှာပဲ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း မတ်ပဲ အဓိကစိုက်ပျိုးသည့်ဒေသများမှာ နွေစပါးပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ ရေမြေဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ရှိတဲ့သီးနှံများ စိုက်ပျိုးနိုင်ရေးကိုလည်း ပညာပေးဆောင်ရွက်ခဲ့ပါတယ်။ ပဲစင်းငုံသီးနှံအနေနဲ့ နောင်တွင် အလားတူပြဿနာမျိုးကြုံတွေ့လာပါက ရှောင်ရှားနိုင်ရန်နှင့် တောင်သူများ ထိခိုက်နစ်နာမှု မကြီးမားစေရန် သီးညှပ်သာ စိုက်ပျိုးရန်နှင့် တန်းကျဲ၍ စိုက်ပျိုးရန် ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ထို့အပြင် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များ ပိုမိုစိုက်ပျိုးစေရေး အတွက် မျိုးစေ့ဘဏ် တည်ထောင်ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့် ကောင်းနည်းလမ်းများကို သီးနှံ ၁၅ မျိုးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

စိုက်ပျိုးထုတ်ကုန်များ ပြည်ပသို့တင်ပို့ရာမှာ ကုန်သွယ်သည့်နိုင်ငံများရဲ့လိုအပ်ချက်အရ ပို့ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်မှုစစ်ဆေးခြင်း၊ အဆိပ်ဖြစ်သတ္တု ပါဝင်မှုစစ်ဆေးခြင်း၊ မှိုအဆိပ်ပါဝင်မှုစစ်ဆေးခြင်းတို့အား ထွက်ကုန်အလိုက် သတ်မှတ်ချက်ထက်ကျော်လွန်မှုမရှိစေဘဲ ဓာတ်ခွဲစမ်းသပ်အဖြေထုတ် ထောက်ခံပေးခြင်းဖြင့် ခိုင်မာသောနိုင်ငံခြားဈေးကွက်ရရှိအောင် ဆောင်ရွက်လျက်ရှိပါတယ်။ ပဲမျိုးစုံဈေးကွက်သစ်များရရှိရေးအတွက် မြန်မာ့ပဲမျိုးစုံဈေးကွက် မြှင့်တင်ရေးဖိုရမ်ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့၌ ကျင်းပခဲ့ပါတယ်။ ထို့အပြင် ၂၀၁၈ ခုနှစ် နိုဝင်ဘာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်ဟိုင်း မြို့မှာ ကျင်းပခဲ့တဲ့ နိုင်ငံတကာသွင်းကုန်ပြပွဲ(China International Imports Expo)မှာ မြန်မာနိုင်ငံ

က ပဲမျိုးစုံကုန်သည်များ ဝင်ရောက်ပြသပြီး စာချုပ်များ ချုပ်ဆိုရောင်းချနိုင်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပဈေးကွက်အခိုင်အမာရရှိရေးအတွက် ပြည်တွင်းပြည်ပကုန်စည်ပြပွဲများတွင် ပါဝင်ပြသ၍လည်းကောင်း နှစ်နိုင်ငံအစိုးရချင်းနဲ့ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံဆွေးနွေး၍လည်းကောင်း ပို့ကုန်မဟာဗျူဟာစီမံကိန်းအရ ဈေးကွက်အခိုင်အမာရရှိရေးအတွက် အစဉ်တစိုက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း လယ်ယာထွက်ကုန်များ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့နည်း၍ မျိုးကောင်းမျိုးသန့်ရရှိရေး၊ အထွက်နှုန်းတိုးတက်ရေး၊ သွင်းအားစုမှန်ကန်စေရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနဲ့ ပူးပေါင်းညှိနှိုင်းခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင်။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါရှင်။ အခုလို ကျွန်မရဲ့မေးခွန်းကို ဒုတိယဝန်ကြီးအနေနဲ့ ပြည့်စုံစွာဖြေကြားပေးတဲ့အတွက်ကြောင့်မို့လို့ ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကိုလည်း အထူးပင်ကျေးဇူးတင်ပါတယ်။ ဒုတိယဝန်ကြီးရဲ့ဖြေကြားမှုထဲမှာ ကျွန်မတို့နိုင်ငံကနေထွက်ရှိတဲ့ ဆန်စပါးအတွက်ကို ပြည်ပကနေပြီးတော့ဝယ်ယူတဲ့နိုင်ငံတွေဟာဆိုရင်လည်း တိုးမြှင့်လာတဲ့အတွက်ကြောင့် ကျွန်မတို့နိုင်ငံကနေပြီးတော့မှ ဆန်တင်ပို့တဲ့အရေအတွက်ဟာဆိုရင်လည်း ပိုမိုမြင့်မားလာတာကို သိရတဲ့အတွက်ကြောင့်မို့လို့ စပါးစိုက်တောင်သူတွေရဲ့ ကိုယ်စား အထူးပင်ကျေးဇူးတင်ဝမ်းသာမိပါတယ်။ ဒါပေမဲ့ ပဲမျိုးစုံဈေးကွက်နဲ့ပတ်သက်ပြီးတော့ ဒုတိယဝန်ကြီးဖြေကြားတဲ့ထဲမှာလည်း ပါပါတယ်။ မတ်ပဲဆိုရင် တစ်ဧကကို ကုန်ကျစရိတ်ဟာ နှစ်သိန်းရှိပါတယ်။ အဲဒီတော့ မတ်ပဲဟာ ရာသီဥတုလည်းကောင်းမှ၊ အထွက်လည်းကောင်းမှ သူတို့တွေဟာ ထွက်မယ်ဆိုရင် တစ်ဧကကို အများဆုံးထွက်တာဟာ ၁၀ တင်းကအများဆုံးပဲထွက်တာဖြစ်ပါတယ်။ ၁၀ တင်းကအများဆုံးထွက်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီ ၁၀ တင်းရဲ့တန်ဖိုးဟာဆိုရင် အခု ပြီးခဲ့တဲ့ ခွဲထွက်ရာသီချိန်တုန်းကဆိုရင် တစ်တင်းခွဲအိတ်ကို ဈေးနှုန်းဟာဆိုရင် ၂၀၀၀၀ ပဲရှိပါတယ်။ ၂၀၀၀၀ ပဲရှိတဲ့အတွက်ကြောင့်မို့လို့ တောင်သူတွေ အမှန်တကယ်ကုန်ကျတဲ့စိုက်ပျိုးစရိတ်ထက် ထွက်ရှိလှတဲ့သီးနှံရဲ့တန်ဖိုးဟာဆိုရင် အလွန်အင်မတန်မှပဲနည်းပါးပြီးတော့ တောင်သူတွေဟာဆိုရင် အရှုံးပေါ်ကြရပါတယ်။ ဘယ်လိုမှ နာလန်မထူနိုင်ပါဘူး။ ဒီနေရာမှာ ပဲကို အဆင်မပြေလို့ အခြားသီးနှံကို ပြောင်းလဲပြီးတော့ စိုက်ပျိုးမယ်ဆိုရင်လည်း အခြားသီးနှံစိုက်ပျိုးဖို့အတွက်ကို ဘယ်လိုမှ အဆင်မပြေနိုင်တဲ့တောင်သူတွေဟာ မျက်စိစုံမှိတ်ပြီးတော့ပဲ ဒီပဲကိုစိုက်ပျိုးရတာဖြစ်ပါတယ်။ အခုတော့ အိန္ဒိယနိုင်ငံက သူတို့နိုင်ငံမှာလည်း ရာသီဥတုက ဖောက်ပြန်ပြီးတော့မှ လိုအပ်ချက်တွေရှိတဲ့အတွက်ကြောင့်မို့လို့ ပဲကိုပြန်ပြီးတော့ ဝယ်ယူတာဖြစ်ပါတယ်။ ဒီနေရာမှာ မကြာခင်မှာ ကျွန်မတို့နိုင်ငံကနေ ပြန်လည်ထွက်ရှိတော့မှာဖြစ်ပါတယ်။ အဲဒီလို ပဲထွက်ရှိတဲ့အချိန်မှာ အိန္ဒိယနိုင်ငံဟာ သူတို့မှာလိုအပ်ချက်တွေပြည့်နေပြီ မယူတော့ဘူးဆိုပြီးတော့ မဝယ်ရင် ကျွန်မတို့တောင်သူတွေပဲ ပြန်ပြီးတော့ အထိနာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တောင်သူတွေအတွက် အဲဒီလိုမျိုး အထိနာတဲ့အဖြစ်မျိုးတွေ နောက်ထပ်မဖြစ်ရအောင် ဝန်ကြီးဌာနအနေနဲ့တောင်သူတွေရဲ့အကျိုးစီးပွားကို ကာကွယ်ပေးနိုင်မယ့်

ထိရောက်တဲ့အစီအစဉ်တွေ ဘယ်လိုများလုပ်ပေးထားပါသလဲဆိုတာ ကျွန်မအနေနဲ့သိချင်တဲ့အတွက် ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးပါရန်။

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေမှာတော့ ပဲဈေးနှုန်းတွေဟာ ကုန်ကျစရိတ်ထက်ကို အများကြီးပဲ မြင့်တက်လျက်ရှိပါတယ်။ ပဲတီစိမ်းတစ်တန်ဟာဆိုလို့ရှိရင် ၁၂ သိန်းလောက်ရှိပါတယ်။ ပဲစင်းငုံတစ်တန်ဟာဆိုလို့ရှိရင် ကိုးသိန်းလောက်ရှိတဲ့အခါကျတော့ မတ်ပဲတစ်တန်ဟာဆိုလို့ရှိရင် ရှစ်သိန်းလောက်ရှိနေပါတယ်။ ဒါဟာဆိုလို့ရှိရင် တစ်ဇကေ ကုန်ကျစရိတ်ထက်ကို များစွာမြင့်မားနေပါတယ်။ ခုနက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးစိုးရိမ်သလိုပဲ ကျွန်တော်တို့လည်း စိုးရိမ်ပါတယ်။ ဒီ့အတွက် အိန္ဒိယနိုင်ငံရဲ့ G to G စာချုပ်ချုပ်ဆိုနိုင်ဖို့အတွက် ကျွန်တော်တို့အနေနဲ့ ကြိုးပမ်းလျက်ရှိပါတယ်။ G to G စာချုပ်ချုပ်ဆိုမယ်ဆိုရင် အိန္ဒိယနိုင်ငံဘက်က ပေးမယ့်ဈေးဟာ ထုတ်လုပ်မှုကုန်ကျစရိတ်ရယ်၊ ထုတ်လုပ်မှုကုန်ကျစရိတ်ထက် ထပ်ပြီးတော့ ၃၀ ရာခိုင်နှုန်းပေါင်းတဲ့ဈေးနဲ့သာလျှင် ဝယ်ယူဖို့ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ တချို့ကုန်သည်များက သဘောတူမှုမရှိပါဘူး။ သူတို့မှာ တက်ဈေးမှာတက်ဈေးနဲ့ရောင်းပြီးတော့၊ ကျဈေးမှာ ကျဈေးနဲ့ ရောင်းတဲ့သဘောမျိုးကို ဆောင်ရွက်လိုတဲ့သဘောရှိပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့အနေနဲ့ အိန္ဒိယနိုင်ငံရဲ့ဈေးကွက်ကိုခိုင်မာအောင်ရရှိနိုင်ဖို့အတွက် G to G စာချုပ်ချုပ်ဆိုမှာဖြစ်ပါတယ်။ အဲလို G to G စာချုပ်ချုပ်ဆိုမယ့်နေရာမှာဆိုရင်တော့ ထုတ်လုပ်မှုကုန်ကျစရိတ်အပေါင်း ၃၀ ရာခိုင်နှုန်းနဲ့ ရောင်းချနိုင်အောင်လို့ ညှိနှိုင်းသွားမှာဖြစ်ပါတယ်။ အဲဒီလိုညှိနှိုင်းမယ်ဆိုရင်တော့ လက်ရှိပေါက်ဈေးထက် ပိုမိုပြီးတော့ နိမ့်ကျတာမျိုးလည်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဈေးနှုန်းတွေဟာ အရင်တစ်ခေါက်တုန်းကလို တစ်တန်ကို သုံးသိန်းလောက်ထိ ကျသွားမယ့်အခြေအနေမျိုးဆိုလို့ရှိရင်တော့ တောင်သူများအတွက် ခုသာခံသာရှိမယ့်အနေအထားမျိုးရှိပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့အနေနဲ့ ဈေးကွက်သစ်များဖြစ်တဲ့ တရုတ်နိုင်ငံနဲ့ တခြားနိုင်ငံဈေးကွက်များကိုလည်း ကျွန်တော်တို့ရှာဖွေလျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ မကြာခင်မှာ နီပေါနိုင်ငံမှာ ကုန်စည်ပြပွဲကို သွားရောက်ပြီးတဲ့အခါကျတော့ နီပေါဈေးကွက်ကိုလည်း ထိုးဖောက်ဖို့အတွက် ကျွန်တော်တို့အနေနဲ့ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တောင်သူလယ်သမားများစိုက်ပျိုးသည့် ကောက်ပဲသီးနှံများ ထိုက်တန်သည့်ဈေးနှုန်းရရှိ၍ အကျိုးအမြတ်များ ခံစားနိုင်ရေးအတွက် စိုက်ပျိုးရာသီမတိုင်မီ နိုင်ငံခြားတင်ပို့ရန် ဈေးကွက်ရှိသည့် ကောက်ပဲသီးနှံများစာရင်းကို ထုတ်ပြန်ကြေညာပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ စေတုတ္တရာမဲဆန္ဒနယ်က ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ တောင်သူထွက်ကုန်သီးနှံတွေ ဈေးကောင်းရရှိဖို့နဲ့ ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာပါ။ ကျွန်တော်တို့နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးဇူးရှင် တောင်သူတွေရဲ့လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်ဖွံ့ဖြိုးမှာပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ မည်မျှလာလာ၊ စက်ရုံ၊ အလုပ်ရုံတွေ မည်မျှတည်ဆောက်ပါစေ။ တောသူတောင်သား၊ လယ်သမားတွေ ဆင်းရဲနွမ်းပါးငွေစတွေရှားပါးနေသမျှ မြို့ပေါ်က ဈေးဆိုင်တွေလည်း ထိုင်နေမှိုင်နေ ရတာပါ။ တောဆူမှ မြို့ဆူ၊ မြို့ဆူမှ ပြည်ဝ ဆိုတဲ့စကားအတိုင်း ကျေးလက်တောင်သူတွေ သီးနှံတွေရ၊ ဈေးကောင်းတွေရ၊ ငွေစတွေရွှင်ပြီးတော့ ဆူဖြိုးကြမှ မြို့ကဈေးဆိုင်တွေလည်း ရောင်းကောင်း၊ ဝယ်ကောင်း ဆူဖြိုးကြပြီးတော့ တိုင်းပြည်လည်း သာယာဝပြောပါလိမ့်မယ်။ ကျွန်တော်တို့အစိုးရ တက်လာပြီးနောက်ပိုင်း တောသူတောင်သား၊ လယ်သမားတွေ အပြောအများဆုံးကတော့ သီးနှံဈေးတွေ ကျဆင်းပြီးတော့ တောင်သူတွေ အရှုံးပေါ်နေတဲ့ကိစ္စပါ။ တောင်သူသီးနှံတစ်နှစ်ပြီးရင် သုံးနှစ် လိုက်လို့မမီဘူးလို့ ဆိုပါတယ်။ တောင်သူတွေဟာ ရာသီဥတုက ဖျက်၊ ပိုးမွှားကဖျက်၊ သဘာဝဘေး အန္တရာယ်ကဖျက်တဲ့ဒဏ်ချက်တွေကြားက ရှိစုမဲ့စုထွက်လာတဲ့သီးနှံလေးပေါ်ချိန်မှာ Export မရှိလို့၊ ဈေးကွက်မရှိလို့၊ သီးနှံဈေးတွေကျနေလို့၊ ဖွတ်ချော၊ လက်ချောဈေး၊ ရရာဈေးနဲ့ရောင်းကြပြီးတော့ အကြွေးတောင်ကြေအောင်မဆပ်နိုင်တဲ့ဘဝကို ရောက်ကြရပါတယ်။ ခေတ်အဆက်ဆက်နင်းပြားဘဝ က မတက်၊ ဆင်းရဲတွင်းထဲက မထွက်နိုင်တဲ့ တောင်သူတွေရဲ့ဘဝကို ကျွန်တော်တို့အစိုးရလက်ထက်မှာ အကောင်းဆုံးမြှင့်တင်ကြရမှာပါ။ သိမ်းဆည်းခံလယ်ယာမြေတွေပြန်အပ်ဖို့၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်စောင့်ရှောက်ဖို့၊ သီးနှံအာမခံစနစ်ဖော်ဆောင်ဖို့၊ စိုက်ပျိုးစရိတ်ချေးငွေတွေ တိုးမြှင့်ဖို့၊ Two Step Loan နှစ်ရှည်ချေးငွေတွေနဲ့ လယ်ယာသုံးစက်ကိရိယာတွေဝယ်နိုင်ဖို့၊ လယ်ယာမြေတွေ အဆင့်မြှင့်တင်ဖို့၊ ဥရောပ၊ အမေရိကစတဲ့ ဈေးကွက်အသစ်တွေရှာဖွေဖို့၊ စိုက်ပျိုးရေး အသိပညာတွေ၊ နည်းပညာတွေ ဖြန့်ဖြူးဖို့၊ သဘာဝဘေးကြောင့် ပျက်စီးခဲ့တဲ့သီးနှံတွေ ထောက်ပံ့ဖို့ အစရှိသဖြင့် ဆောင်ရွက်ပေးနေတာပါ။ တောင်သူတွေဘက်ကလည်း Fruit Safety ဖြစ်ဖို့၊ ဓာတုဓာတ်ကြွင်း၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးဓာတ်ကြွင်းတွေနည်းဖို့၊ အရည်အသွေးမြင့် ဈေးကွက်ဝင် သီးနှံတွေထုတ်ဖို့၊ Good Agriculture Practices နှင့်အညီ စိုက်ပျိုးဆောင်ရွက်ကြရမှာပါ။ ကျွန်တော်တို့တောင်သူတွေဟာ Export ရှိမယ်/မရှိမယ်မသိ။ ဈေးကွက်ရှိမယ်/မရှိမယ် မသိ။ ဈေးကောင်းရမယ်/မရမယ်မသိဘဲနဲ့ မြစ်ကမ်းလမ်းသွား စမ်းတဝါးဝါးနှင့် စွန့်စားလုပ်ကိုင်နေရတဲ့ အဖြစ်က လွတ်မြောက်ဖို့အတွက် တိကျသေချာတဲ့ ဈေးကွက်ဆိုင်ရာသတင်းအချက်အလက်တွေ အချိန်မီရရှိဖို့ အရေးကြီးလှပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့မေးခွန်းကတော့ တောင်သူလယ်သမားများရဲ့ထုတ်ကုန်သီးနှံများ ထိုက်တန်တဲ့ဈေးနှုန်းရရှိပြီးတော့ အကျိုးအမြတ်များ ခံစားနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ကုန်သည်ကြီးများအသင်းစတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်းကာ စိုက်ပျိုးရာသီမတိုင်မီမှာ Export ရှိမယ့်၊ ဈေးကွက်ရှိမယ့်၊ ဈေးကောင်းရနိုင်မယ့်၊ စိုက်ပျိုးသင့်တဲ့သီးနှံများစာရင်းကို ထုတ်ပြန်ကြေညာပေးရန် အစီအစဉ်ရှိ/မရှိ သိလိုတဲ့အတွက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေး တိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင် မေးမြန်း တဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ဖြေကြားချက်နဲ့ ပေါင်းစပ်ပြီး ကျွန်တော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး က ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

တောင်သူလယ်သမားများစိုက်ပျိုးတဲ့ ကောက်ပဲသီးနှံများ ထိုက်တန်တဲ့ဈေးရရှိ၍ အကျိုး အမြတ်များ ခံစားရရှိနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ တောင်သူများ စိုက်ပျိုးတဲ့ ကောက်ပဲသီးနှံများ ထိုက်တန်တဲ့ဈေးနှုန်းရရှိ၍ အကျိုးအမြတ်ခံစားနိုင်အောင် ပြည်ပဈေးကွက်များ ကို ပိုမိုထိုးဖောက်ဝင်ရောက်နိုင်ရေးနဲ့ လယ်ယာထွက်ကုန်များ အရည်အသွေးကောင်းမွန်ရေးကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေ နဲ့ လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပတင်ပို့ရာတွင် ခိုင်မာသောဈေးကွက်ရရှိရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာကို အကောင်အထည်ဖော်လျက်ရှိရာမှာ လယ်ယာထွက်ကုန်၊ ဆန်၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ပစ္စည်းတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ မိမိနိုင်ငံရဲ့လယ်ယာထွက်ကုန်သီးနှံများ ဈေးကောင်းရရှိရေးနှင့် ဈေးကွက်ပိုမိုရရှိရေးအတွက် ကုန်ပစ္စည်းဝယ်ယူသည့်နိုင်ငံများရဲ့သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနိုင်ရေးကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ပြည်ပတင်ပို့သူ များမှ အထူးအလေးအနက်ထားစီမံဆောင်ရွက်ကြမှသာ မိမိတို့ရဲ့လယ်ယာထွက်ကုန်သီးနှံများ ပြည်ပ ဈေးကွက်မှာ ခိုင်မာတဲ့ဈေးကွက်ရရှိမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့တဲ့ ပို့ကုန်ပစ္စည်း များ၊ ပြည်ပနိုင်ငံများမှ တင်သွင်းလာသော သွင်းကုန်ပစ္စည်းများကို စမ်းသပ်စစ်ဆေးနိုင်ရန်အတွက် ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ရေးစီမံချက်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ရေးဆွဲလျက်ရှိပါတယ်။

စိုက်ပျိုးထုတ်လုပ်ရာမှ ထွက်ရှိလာတဲ့ကောက်ပဲသီးနှံများအား နိုင်ငံတကာဈေးကွက်ရရှိနိုင်ရေး အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများရဲ့ပြည်ပခရီးများတွင်လည်းကောင်း၊ ကုန်သွယ်ဖက်နိုင်ငံများရဲ့ မြန်မာ နိုင်ငံသို့ လာရောက်တဲ့ခရီးစဉ်တွင်လည်းကောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုအစည်းအဝေးများတွင် လည်းကောင်း ညှိနှိုင်းဆွေးနွေးလျက်ရှိပါတယ်။ ဒါ့အပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေနဲ့ လယ်ယာထွက်ကုန်အသင်းအဖွဲ့များဖြစ်သော မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာ

နိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်အသင်းတို့နှင့် စဉ်ဆက်မပြတ်တွေ့ဆုံ၍ လိုအပ်သည့်အကူအညီများ ဖြည့်ဆည်းခြင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့မှလည်းကောင်း၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု အားပေးမြှင့်တင်ရေးကော်မတီမှလည်းကောင်း၊ လုပ်ငန်းရှင်များက တင်ပြလာတဲ့အခက်အခဲများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးလျက် ရှိပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုန်သွယ်မှုသတင်းအချက်များကို ပုံနှိပ်စာနယ်ဇင်းများမှလည်းကောင်း၊ အင်တာနက်စာမျက်နှာများမှလည်းကောင်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိရာ စီးပွားကူးသန်းဂျာနယ်အား အပတ်စဉ်ထုတ်ဝေလျက်ရှိပြီး ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များကို မြန်မာနိုင်ငံတစ်ဝန်း နယ်စပ်ဒေသပါမကျန်ဖြန့်ဝေလျက်ရှိပါတယ်။ ဝန်ကြီးဌာနမှ ဆောင်ရွက်ထားတဲ့ အင်တာနက်စာမျက်နှာ Website လေးခုဖြစ်တဲ့ Commerce Website၊ Commerce Journal Website၊ Myanmartradenet Website၊ Trade Promotion Website နှင့် Web Portal တစ်ခုဖြစ်တဲ့ National Trade Portal တို့တွင် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်တွင်းပြည်ပကုန်စည်ဈေးနှုန်းများ၊ အွန်လိုင်းမှ ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုဆိုင်ရာမေးမြန်းဖြေကြားသည့်ကဏ္ဍများ ပြည့်စုံအောင်ထည့်သွင်းထားပြီး အချိန်နှင့်တစ်ပြေးညီ သတင်းတင်ပြဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း စိုက်ပျိုးရေးဦးစီးဌာနရှိမျိုးသန့်ခြံများ၊ အကျိုးဆောင်တောင်သူများ၊ တောင်သူအစုအဖွဲ့အလိုက် မျိုးစေ့ထုတ်အသင်းများ၊ ပုဂ္ဂလိကကုမ္ပဏီများမှ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ နှစ်စဉ်လည်း ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိတဲ့အပြင် ဒေသရေမြေနှင့်ကိုက်ညီတဲ့ စိုက်ပျိုးနည်းစနစ်များ၊ သီးနှံပုံစံများအား တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အရည်အသွေးကောင်းပြီး တန်ဖိုးမြှင့်စိုက်ပျိုးရေးထုတ်ကုန်ထုတ်လုပ်နိုင်မှုတွင် အရေးပါတဲ့ ရိတ်သိမ်းပြီးနောက် သီးနှံလေလွင့်ဆုံးရှုံးမှုလျော့နည်းစေရေးနှင့် သီးနှံများရဲ့အရည်အသွေးထိန်းသိမ်းပြီး ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်ရန်အတွက် ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းများကိုလည်း ၂၀၁၄ ခုနှစ်မှစပြီး နှစ်စဉ်ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။

ထို့အပြင် သီးနှံများရဲ့အရည်အသွေးကောင်းမွန်စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ပြည်ပသို့တင်ပို့ရန် အလားအလာရှိတဲ့သီးနှံများဖြစ်တဲ့ ကျွဲကော၊ ဖရဲ၊ သခွားမွေး၊ ခရမ်းချဉ်၊ ငရုတ်၊ ဂေါ်ဖီထုပ်၊ ကြက်သွန်နီ၊ စပါး၊ ပဲ၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ သရက်၊ ကော်ဖီနှင့် ထောပတ်သီးနှံ ၁၅ မျိုးကို GAP စနစ် အသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် GAP Guideline ကို ထုတ်ပြန်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်စပ်လျဉ်းပြီး တောင်သူလယ်သမားများ၊ ရောင်းဝယ်ဖောက်ကားသူများ၊ စားသုံးသူများသိရှိအောင် သင်တန်းများပေးခြင်း၊ ဟောပြောပွဲများပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် သီးနှံအလိုက် တောင်သူပညာပေးတစ်ကွင်းတစ်စပ်တည်း စံနမူနာပြစိုက်ကွင်းများ ထူထောင်ပြသခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးထုတ်လုပ်မှုမှသည် ဝယ်ယူကြိတ်ခွဲသိုလှောင်မှု ဈေးကွက်အထိ

အရည်အသွေးကောင်းတဲ့ စိုက်ပျိုးရေးထုတ်ကုန်၊ ထွက်ကုန်များကို တန်ဖိုးမြှင့် ထုတ်ကုန်များအဖြစ် နိုင်ငံတကာဈေးကွက်ယှဉ်ပြိုင်ထိုးဖောက်နိုင်ရန်နှင့် ပုဂ္ဂလိကပိုင်းကိုလည်း နည်းပညာနှင့် ခေတ်မီစက်ကိရိယာအသုံးပြုထုတ်လုပ်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တန်ဖိုးမြှင့်ကွင်းဆက်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိမိတို့ပြည်တွင်းအရင်းအမြစ်များနဲ့ တည်ဆောက်နေပြီး နိုင်ငံတကာအကူအညီအထောက်အပံ့နှင့် ချေးငွေစီမံကိန်းများကိုလည်း နိုင်ငံတကာအဖွဲ့အစည်းများရဲ့ နည်းပညာနှင့်ငွေကြေးအကူအညီရယူ၍ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူလယ်သမားများစိုက်ပျိုးတဲ့ ကောက်ပဲသီးနှံများ ထိုက်တန်တဲ့ ဈေးနှုန်းရရှိ၍ အကျိုးအမြတ်ခံစားနိုင်ရေး၊ မြန်မာနိုင်ငံမှ ထွက်ရှိတဲ့လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပဈေးကွက် အခိုင်အမာရရှိရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းပြည်ပကုန်စည်ပြပွဲတွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံရာတွင်လည်းကောင်း ထည့်သွင်းဆွေးနွေးလျက်ရှိပြီး ပို့ကုန်မဟာဗျူဟာစီမံကိန်းအရ ဈေးကွက်အခိုင်အမာရရှိစေရေးအတွက် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း တောင်သူလယ်သမားများရဲ့စိုက်ပျိုးရေးလုပ်ငန်းခွင်မှ ဈေးကောင်းရသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအပေါ် အထောက်အပံ့ဖြစ်စေမယ့် လယ်ယာကဏ္ဍဆိုင်ရာ ဈေးကွက်သတင်းများ၊ ပညာပေးအစီအစဉ်များ ကဏ္ဍစုံပါဝင်တဲ့ တောင်သူလယ်သမားရုပ်သံ(Farmer Channel)အစီအစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ ယခုလို ဝန်ကြီးမှ ပြည့်ပြည့်စုံစုံဖြေကြားပေးသွားတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ တစ်ဆက်တစ်စပ်မေးခွန်းအနေနဲ့ မေးမြန်းခွင့်ပြုစေလိုပါတယ်။ ကျွန်တော်တို့နိုင်ငံအဝန်းမှာ သီးနှံအာမခံစနစ်ဖော်ဆောင်မှုနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးဌာနနဲ့ပတ်သက်ပြီးတော့ ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာကိုလည်း သိရှိလိုတဲ့အတွက် တစ်ဆက်တစ်စပ်မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သီးနှံအာမခံနဲ့ ကျွဲ၊ နွားအာမခံနဲ့ပတ်သက်တဲ့ အခါကျတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ စတင်စမ်းသပ်ဆောင်ရွက်လျက်ရှိပါတယ်။ သီးနှံအာမခံနှင့် ကျွဲ၊ နွားအာမခံများကို မကြာမီမှာ တောင်သူလယ်သမားများကို ထုတ်ပြန်ပြီးတော့ ချပြနိုင်မယ့်အနေအထားမျိုးရှိပါတယ်။ ဒါကိုလည်း မကြာမီကာလအတွင်းမှာ ဆောင်ရွက်နိုင်အောင်လို့ စီစဉ်ဆောင်ရွက်နေတာကို သိရှိရပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မူကြမ်း**

**ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် သတ်မှတ်အရှိန်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား မှတ်သားဖမ်းဆီးမှုဆောင်ရွက်ရာတွင် ဒဏ်ငွေပေးဆောင်မှုအခက်အခဲအဆင်ပြေစေရန် (One Stop Services)အဖွဲ့များဖွဲ့၍ ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြစိန်[ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်ဝန်ကြီးများနှင့် ဧည့်သည်တော်များ မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီကနေ့မေးမြန်းမယ့်ကိစ္စကတော့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှာ သတ်မှတ်မိုင်နှုန်းထက်ပိုမိုမောင်းနှင်တဲ့ မော်တော်ယာဉ်များအား မှတ်သားဖမ်းဆီးမှုဆောင်ရွက်ရာမှာ ဒဏ်ငွေပေးဆောင်မှုအခက်အခဲများ အဆင်ပြေစေရန် (One Stop Services)အဖွဲ့များဖွဲ့၍ ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိမေးမြန်းသွားမှာဖြစ်ပါတယ်။

ရန်ကုန်-မန္တလေးလမ်းမကြီးမှာ တိုးလ်ဂိတ်များအဖြစ် ရန်ကုန်-ဖြူး-နေပြည်တော်နဲ့ မန္တလေးမြို့တို့တွင်ရှိကြပါတယ်။ အမြန်လမ်းမကြီးပေါ်မှာ နေ့စဉ်၊ ညစဉ် ယာဉ်ကြီး၊ ယာဉ်ငယ်၊ ဖြတ်သန်းသွားလာလျက်ရှိသောကြောင့် ယာဉ်များ၏ချို့ယွင်းချက်၊ ယာဉ်မောင်းသူများ၏ချို့ယွင်းချက်များကြောင့် ယာဉ်မတော်တဆဖြစ်မှုများ မကြာခဏတွေ့ကြုံရတာကို သိရှိရပါတယ်။ အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်မယ့် မော်တော်ယာဉ်များရဲ့ကြံ့ခိုင်မှုအတွက် စစ်ဆေးခြင်းကိုတော့ မတွေ့ရပါ။ သတ်မှတ်မိုင်နှုန်းထက်ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား မှတ်သားဖမ်းဆီးမှုဆောင်ရွက်၍ နီးစပ်ရာတိုးလ်ဂိတ်များတွင် မှတ်သားထားသည့်ယာဉ်များကို ဖမ်းဆီးကြပါတယ်။ သတ်မှတ်မိုင်နှုန်းမှာ ခရီးသည်တင်ကားကြီးများမှာ တစ်နာရီ ကီလိုမီတာ ၈၀၊ မော်တော်ယာဉ်အသေးများမှာ တစ်နာရီ ကီလိုမီတာ ၁၀၀၊ Light Truck ကားများတွင် တစ်နာရီလိုမီတာ ၆၀ အထိ သတ်မှတ်ထားပါတယ်။ သတ်မှတ်မိုင်နှုန်းထက်ပိုမိုမောင်းနှင်တဲ့ မော်တော်ယာဉ်များကို ဖမ်းဆီးခြင်းဖြစ်ပါသောကြောင့် ခရီးသည်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် ကောင်းမွန်သောအစီအစဉ်ဖြစ်ပါတယ်။ သို့သော် တိုးလ်ဂိတ်တွင်ရှိသော တာဝန်ကျရဲဝန်ထမ်းများမှ Wheel Tax များကိုသိမ်းယူပြီး တိုးလ်ဂိတ်နှင့် နီးစပ်ရာမြို့နယ်များဖြစ်သော ဖြူး၊ ပဲခူး၊ နေပြည်တော်နှင့် မန္တလေးမြို့များတွင် ဒဏ်ကြေးပေးဆောင်ရန် နောက်နေ့မနက် ၁၂ နာရီထက်နောက်မကျဘဲ သက်ဆိုင်ရာတရားရုံးသို့ သွားရောက်ဒဏ်ကြေးပေးဆောင်ရန်နှင့် သက်မှတ်နာရီထက်နောက်ကျပါ နောက်တစ်နေ့ထပ်မံချိန်းဆိုမည်ဟု ပြောကြားကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေးအမြန်လမ်းမပေါ်တွင် မောင်းနှင်ကြသော မော်တော်ယာဉ်များမှာ အကြောင်းအမျိုးမျိုး၊ ကိစ္စအမျိုးမျိုးဖြင့် မြန်မာနိုင်ငံတစ်နံတစ်လျားမှ လာရောက်ကြသူများဖြစ်၍ သတ်မှတ်မိုင်နှုန်းထက်ပိုမိုမောင်းနှင်မိ၍ ဒဏ်ကြေးပေးဆောင်ရပါက မြစ်ကြီးနား၊ လားရှိုး၊ ကော့သောင်း၊ မြိတ်ဒေသများကဲ့သို့ ဝေးလံသောဒေသများမှ ခရီးသွားအဖြစ်လာရောက်ကြသော မော်တော်ယာဉ်များအတွက် ခရီးဖင့်သည့်အခြေအနေနှင့် ကြုံတွေ့

**မူကြမ်း**

ရမှာဖြစ်ပါတယ်။ နောက်တစ်နေ့ တရားရုံးများကို ချိန်းဆိုဒဏ်ရိုက်ခြင်းမှာ ရည်ရွယ်ချက်မအောင်မြင်ဘဲ အများပြည်သူအား ဒုက္ခပေးသကဲ့သို့ ဖြစ်နေကြောင်းတွေ့ရှိရပါတယ်။ ယာဉ်မတော်တဆဖြစ်သည့်အမှုကြီးများအတွက် တရားရုံး Procedure အရ ဆောင်ရွက်ခြင်းကို မပြောကြားလိုသော်လည်း သတ်မှတ်မိုင်နှုန်းပိုမိုမောင်းနှင်၍ ဒဏ်ရိုက်ရသော မော်တော်ယာဉ်များအတွက် နီးစပ်ရာတိုးလ်ဂိတ်တွင် One Stop Services အဖွဲ့များဖွင့်၍ အဖွဲ့စုံဖြင့် ဒဏ်ကြေးပေးဆောင်သင့်ပါကြောင်း အကြံပြုလိုပါတယ်။

သို့ဖြစ်ပါ၍ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား မှတ်သားဖမ်းဆီးဆောင်ရွက်ရာမှာ ဒဏ်ကြေးပေးဆောင်မှုအခက်အခဲအဆင်ပြေစေရန် One Stop Services အဖွဲ့များဖွင့်၍ ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ကာလတွင်စတင်မည်၊ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်ကြောင်း သိရှိလိုခြင်းနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြစိန်မှ မေးမြန်းထားတဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်အချိန်နှုန်းထက် ပိုမောင်းနှင်သော မော်တော်ယာဉ်များအား မှတ်သားဖမ်းဆီးဆောင်ရွက်ရာတွင် ဒဏ်ငွေပေးဆောင်ဖို့ အခက်အခဲအဆင်ပြေစေရန် One Stop Service အဖွဲ့များ ဖွဲ့၍ ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ပေးပို့လာသော အချက်အလက်များနှင့် ပေါင်းစပ်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာလျက်ရှိတဲ့ မော်တော်ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန်အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမြန်လမ်းရဲတပ်ဖွဲ့၊ လမ်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အခြားသက်ဆိုင်သည့်အဖွဲ့အစည်းများပူးပေါင်း၍ အမှတ်(၃)လမ်းဆုံ၊ နေပြည်တော်တိုးလ်ဂိတ်နှင့် မန္တလေးတိုးလ်ဂိတ်မရောက်မီနေရာများတွင် ၂၀၁၄ ခုနှစ် မေလမှစတင်၍ မော်တော်ယာဉ်များအား ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ယာဉ်မောင်းများအား စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ ဆောင်ရွက်ရာတွင် အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး

ကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ပညာပေးကာလ သတ်မှတ်ကာ အသိပညာပေးခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ပါတယ်။ ၁-၉-၂၀၁၆ ရက်နေ့မှစတင်ပြီးတော့ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်တဲ့ မော်တော်ယာဉ်များအား မော်တော်ယာဉ်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ပါတယ်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာနေသော မော်တော်ယာဉ်များအတွက် စစ်ဆေးဆောင်ရွက်ခဲ့ရာမှာ မော်တော်ယာဉ်ဥပဒေပုဒ်မ ၄၉ ပါ တားမြစ်ချက်(၃)ချက်ဖြစ်တဲ့ မော်တော်ယာဉ်ကို သတ်မှတ်အမြန်နှုန်းထက်ပိုမိုမောင်းနှင်ခြင်း သို့မဟုတ် သတ်မှတ်ထားတဲ့အမြန်နှုန်းအောက်လျှော့ခြင်း၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော်လည်းကောင်း၊ အရက်သေစာမူးယစ်သောက်စား၍သော်လည်းကောင်း၊ မော်တော်ယာဉ်ကိုမောင်းနှင်ခြင်းစသည့် တားမြစ်ချက်တစ်စုံတစ်ရာကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၅၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေချမှတ်ရမည်ဟု မော်တော်ယာဉ် ဥပဒေပုဒ်မ ၅၈ ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိတဲ့အတွက် သက်ဆိုင်ရာတရားရုံးများမှ စည်းကမ်း ဖောက်ဖျက်သူများကို ဒဏ်ငွေ ၅၀၀၀၀ ကျပ်အထိ ပြစ်ဒဏ်ချမှတ်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁-၉-၂၀၁၆ ရက်နေ့မှစ၍ အမြန်လမ်းမကြီးပေါ်မှာ ဖြတ်သန်းသွားလာလျက်ရှိတဲ့ ယာဉ်များအနက် သတ်မှတ်ကီလိုမီတာ ၁၀၀ အထက် ပိုမို မောင်းနှင်တဲ့ မော်တော်ယာဉ်များအား ခေတ်မီ Red Flex(Radar System)စနစ်သုံး ရွေ့လျားတိုင်းတာ ဖမ်းဆီးသည့် စက်များအသုံးပြုပြီး မော်တော်ယာဉ်များ၏ ပုံရိပ်တည်နေရာ၊ အချိန်၊ အမြန်နှုန်းတို့ကို မှတ်တမ်းရယူကာ ၎င်းမှတ်တမ်းဓာတ်ပုံများကို Viber ဖြင့် တိုးလ်ဂိတ်များနှင့် မီနီတိုးလ်ဂိတ်များရှိ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ အမြန်လမ်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အမြန်လမ်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များထံသို့ပေးပို့ပြီး စည်းကမ်းဖောက်ဖျက်သည့် မော်တော်ယာဉ်များနှင့် ယာဉ်မောင်းများအား ၎င်းမှတ်တမ်းများကိုပြသ၍ မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူဆောင်ရွက် လျက်ရှိရာ ၁-၉-၂၀၁၆ ရက်နေ့မှ ၃၁-၃-၂၀၁၈ ရက်နေ့အထိ လှည်းကူးမြို့နယ်တရားရုံးတွင် ၇၀၄၉ မှု၊ ပဲခူးမြို့နယ်တရားရုံးတွင် ၆၅၅ မှု၊ ဖြူးမြို့နယ်တရားရုံးတွင် ၅၉၁၃ မှု၊ တောင်ငူမြို့နယ်တရားရုံးတွင် ၂၉၅ မှု၊ ဇမ္ဗူသီရိမြို့နယ်တရားရုံးတွင် ၁၁၇၂၆ မှု၊ မိတ္ထီလာမြို့နယ်တရားရုံးတွင် ၁၉၇၄ မှု၊ တံတားဦးမြို့နယ်တရားရုံးတွင် ၅၈၇၄ မှု စုစုပေါင်း ၃၃၄၈၆ မှာ ယာဉ်မောင်း ၃၃၄၈၆ ဦးတို့အား သက်ဆိုင်ရာတရားရုံးများသို့ တရားစွဲဆိုတင်ပို့ခဲ့ပါတယ်။

ယခုကဲ့သို့ အရေးယူဆောင်ရွက်ရာမှာ ယာဉ်မောင်းများ အနေနဲ့ ဒဏ်ငွေ ၅၀၀၀၀ ကျပ်ကို ချက်ချင်းပေးဆောင်လိုပါက သက်ဆိုင်ရာတရားရုံးများတွင် ရုံးချိန် အတွင်း နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိရာ ချက်ချင်းဒဏ်ငွေပေးဆောင်နိုင်ခြင်းမရှိသည့် ယာဉ်မောင်းများအား မော်တော်ယာဉ်၏ လိုင်စင် (သို့မဟုတ်) ယာဉ်မောင်းလိုင်စင်သိမ်းဆည်း၍ ရက်ချိန်းသတ်မှတ်ကာ တရားရုံးများသို့

လိုက်လံပို့ဆောင်ပေးလျက်ရှိပါတယ်။ မော်တော်ယာဉ်များ မောင်းနှင်ရာတွင် ယာဉ်မောင်းနှင့်အတူ လိုက်ပါစီးနင်းသည့် ခရီးသည်များအားလုံး ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် မော်တော်ယာဉ်မောင်းနေရာတွင် သတ်မှတ်ထားသည့်အမြန်နှုန်းထက် ပို၍မောင်းနှင်ခြင်းမရှိစေရေးဆိုသည့် အချက်ကို မော်တော်ယာဉ်မောင်းနှင်သူများက လိုက်နာကြရမှာဖြစ်ပါတယ်။ အဲဒီလိုမလိုက်နာဘဲနဲ့ သတ်မှတ်ထားတဲ့အမြန်နှုန်းထက် ပိုမိုမောင်းနှင်နေပြီဆိုပါက တရားဥပဒေအရ အရေးယူမှုရှိမှာဖြစ်ပါတယ်။ အမြန်လမ်းမကြီးပေါ်မှာမောင်းနှင်တဲ့ ယာဉ်မောင်းများအနေဖြင့် သတ်မှတ်ထားတဲ့အမြန်နှုန်းအောက်တွင် မောင်းနှင်မည်ဆိုပါက ယာဉ်အန္တရာယ်ကင်းရှင်းမည့်အပြင် ခရီးသွားလာရာတွင် အချိန်ကြန့်ကြာခြင်းမှာလည်း ကင်းဝေးနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေဖြင့် ယာဉ်မောင်းများအား အရေးယူဆောင်ရွက်ရခြင်း၊ ဒဏ်ငွေရယူခြင်းတို့အစား ယာဉ်မောင်းများမှ စည်းကမ်းတကျမောင်းနှင်ခြင်းကိုသာလျှင် ပိုမိုလိုလားပါကြောင်းနှင့် One Stop Service တရားရုံးဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ချုပ်ရုံးတို့နှင့် ညှိနှိုင်းဆောင်ရွက်သွားရမှာဖြစ်ပါသဖြင့် လတ်တလောတွင် ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြစိန်[ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်]**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ခုနက ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြည့်ပြည့်စုံစုံဖြေသွားတာကို ကျေးဇူးတင်ပါတယ်။ ဖမ်းဆီးခံရတဲ့ အခြေအနေတွေကလည်း သောင်းနဲ့ကိုချီပြီးရှိနေပါတယ်။ အဲဒီတော့ဒီလောက်များတဲ့ အမှုသည်တွေက ဘယ်လောက်ဒုက္ခရောက်မလဲဆိုတာလည်းစဉ်းစားသင့်ပါတယ်။ အဲဒီအမှုတစ်ခုမှာဆိုရင် မိုင်ပိုမောင်းလို့ မှတ်သားဖမ်းဆီးတယ်။ နောက်နေ့လာခဲ့ပါ။ ၁၂ နာရီထက်မကျော်နဲ့။ ကျော်ရင် နောက်တစ်ရက်ပြန်ချိန်းမယ်ဆိုပြီးတော့ ရဲအရာရှိက ပြောပါတယ်။ အဲဒီတော့ နောက်နေ့လည်းသွားတွေ့ရော သူကကိုယ်တိုင်မလာရင်လည်း တစ်ယောက်လွှတ်လိုက်ပါဆိုလို့ သွားလည်းသွားတွေ့ရော အဲဒီ ၅၀၀၀၀ ယူပြီးတော့ ပြန်လွှတ်လိုက်ပါတယ်။ တရားရုံးကိုလည်း တင်ခြင်း၊ မတင်ခြင်းဆိုတာ မသိပါဘူး။ Wheel Tax လည်း ပြန်ပေးလိုက်ပါတယ်။ အဲဒီလိုအခြေအနေတွေနဲ့ပတ်သက်လို့ ဝန်ကြီးတို့အနေနဲ့ ဘယ်လိုကူညီဆောင်ရွက်ပေးနိုင်မလဲဆိုတာ သိရှိလို၍ဖြေကြားပေးပါရန် ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ ဆက်စပ်မေးခွန်းဟာ ဝန်ကြီးက ဖြေကြားသွားပြီးဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ လိုအပ်မယ်ဆိုလို့ရှိရင် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ထပ်မံဖြေကြားဖို့လိုအပ်မယ်ထင်ရင် ဒါဖြေကြားပေးနိုင်ပါတယ်။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခု မူလမေးခွန်းကိုက ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့

တိုက်ရိုက်သက်ဆိုင်ခြင်းမရှိပါဘူးခင်ဗျား။ တကယ်တမ်းကျတော့ ဒီဟာသည်တရားရုံးဖွင့်ဖို့ဆိုရင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနဲ့ တိုက်ရိုက်သက်ဆိုင်တာဖြစ်ပါတယ်။ ဒီဖမ်းဆီးစစ်ဆေးတဲ့ ဌာနဆိုရင်လည်း ပြည်ထဲရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်တာဖြစ်ပါတယ်။ ဒီဌာနတွေရဲ့အဖြေကို ကျွန်တော့် အနေနဲ့ ပေါင်းစပ်ပြီးတော့ လာရောက်ဖြေကြားရခြင်းဖြစ်တဲ့အတွက် အခုဆက်စပ်မေးခွန်းကိုလည်းပဲ ကျွန်တော်သက်ဆိုင်ရာဌာနများကို အကြောင်းကြားပြီးတော့မှ သက်ဆိုင်ရာကိုယ်စားလှယ်ထံ ကျွန်တော်ပြန်လည်ဖြေကြားသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**တွံတေးမြို့နယ်နှင့် ကော့မှူးမြို့နယ်ကို ဆက်သွယ်ထားသော ကျေးလက်လမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မြို့က မြတ်စွာဘုရားသခင်ဆီကနေပြီးတော့ ဆံတော်ရှစ်ဆူကို ပထမဆုံး ပေးသနားခြင်းခံရတဲ့ တဖုတ္တနဲ့ ဘလိက္ကကုန်သည်ညီနောင်တို့ရဲ့ဇာတိမြို့ဖြစ်ပါတယ်။ အဲဒီဆံတော် ရှစ်ဆူဟာ ခြောက်ဆူကို တည်ထားကိုးကွယ်ထားတဲ့ စကေဒဓာတုရွှေဆံတော် စေတီတော်မြတ်ကြီး တည်ရှိရာဖြစ်ပါတယ်။ နောက်တစ်ခါ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂါယာက ဘုရားပုထိုးစေတီတွေနဲ့ပုံတူ မြန်မာ နိုင်ငံမှာ ပထမဆုံးတည်ထားတဲ့ ပေါင်းတော်ချုပ်စေတီတော်ဝင်းကြီးရှိတဲ့မြို့လည်း ဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့မြန်မာနိုင်ငံမှာ သက်တမ်းအရှည်ဆုံးသောအိုးလုပ်ငန်း၊ ကမ္ဘာမှာတောင် ထင်ရှားတဲ့အိုးလုပ်ငန်းရှိတဲ့မြို့လည်း ဖြစ်ပါတယ်။ နောက်တစ်ခါ မွန်-မြန်မာ နှစ်(၄၀) စစ်ပွဲတွေဖြစ်ခဲ့ တုန်းက ထင်ရှားတဲ့မွန်ဘုရင်တွေ၊ မွန်မြို့စား၊ နယ်စားတွေ နန်းစိုက်တဲ့ ရှေးဟောင်းဒလမြို့ဟာလည်း ကျွန်တော်တို့ တွံတေးမြို့ပဲ ဖြစ်ပါတယ်။ နောက်တစ်ခါ ပြည်သူချစ် ကျေးလက်အဆိုတော်ကြီး တွံတေးသိန်းတန်ရဲ့ဇာတိမြို့လည်း ဖြစ်ပါတယ်။ နောက်တစ်ခါ တစ်ခေတ်တစ်ခါက အင်မတန်နာမည် ထင်ရှားကျော်ကြားခဲ့တဲ့ ထွေးညိုဇာတ်လမ်းတွဲတွေရဲ့ သန္ဓေတည်ရာမြို့လည်းဖြစ်ပါတယ်။ သို့သော် အဲဒီလိုတန်ဖိုးတွေရှိတဲ့ကြားထဲက ကျွန်တော်တို့က အဲဒီတန်ဖိုးတွေကို ပြည်တွင်းပြည်ပ ခရီးသွားတွေကို ထုတ်ဖော်ပြသနိုင်စွမ်းမရှိဘူးဖြစ်နေပါတယ်။ အဲဒါကတော့ ကျွန်တော်တို့မြို့က ကားလမ်းဆုံးမြို့ ဖြစ်နေတဲ့အတွက်ကြောင့် ဖြစ်နေပါတယ်။ လှိုင်သာယာနှင့်တွံတေးနဲ့ဆက်သွယ်ထားတဲ့ တွံတေးတံတား ကြီးကလည်း အဲဒီက ရန်ကုန်ကနေ ဧရာဝတီမြစ်ဝကျွန်းပေါ်ကိုသွားတဲ့ ခရီးသည်တွေဆိုလို့ရှိရင် ကျွန်တော်တို့မြို့ထဲမဝင်ဘဲနဲ့ ကံဘဲ့လမ်းဆုံကနေပြီးတော့ ကပ်ပြီးတော့ကျော်သွားတော့ ကျွန်တော်တို့ မြို့က ကပ်ကျော်မြို့ဖြစ်နေပါတယ်။ အဲဒီတော့ ဒီအခြေအနေတွေကို ကျွန်တော်တို့က ကျော်လွှားနိုင်ဖို့ အခက်အခဲတွေကိုဖြေရှင်းနိုင်ဖို့ ကျွန်တော်တို့ရဲ့တန်ဖိုးတွေကို ထုတ်ဖော်ပြသနိုင်ဖို့ဆိုရင် အခုလက်ရှိ ရှိထားတဲ့ ကျေးလက်လမ်းတစ်ခုပေါ့။ ကျေးလက်လမ်းတစ်ခုကို အဆင့်မြှင့် တိုးချဲ့လိုက်မယ်ဆိုလို့ ရှိရင်တော့ ဒါ ပြီးမြောက်သွားမှာပါ။ ဒါကတော့ တွံတေးရွှေဆံတော်ဘုရားကြီး ခြေရင်းကနေပြီးတော့ ကော့မှူးမြို့နယ်နဲ့ဆက်တဲ့လမ်းမှာ အဲဒါက လမ်းအရှည် ၉ မိုင်ရှိပါတယ်။

သို့သော်လည်း လမ်းရဲ့အခြေအနေကို ကျွန်တော် တင်ပြနိုင်ဖို့အတွက် Power Point အသုံးပြုပြီးတော့ တင်ပြခွင့်ပြုပါခင်ဗျား။ ဒါက ကျွန်တော်တို့ တွံတေးမြို့ရဲ့မြေပုံပါ။ တွံတေးက အနီဝိုင်းနဲ့ ကော့မှူးကို တစ်ဆက်တည်းသွားလို့ရတဲ့လမ်းကြောင်းကို ပြထားတာပါ။ တကယ်လို့ ကံဘဲ့လမ်းဆုံကနေ ကော့မှူး-ကွမ်းခြံကုန်းကိုမသွားဘဲနဲ့ ကျွန်တော်တို့ တွံတေးကနေ ဖြတ်ပြီးသွားမယ် ဆိုလို့ရှိရင်လည်း လမ်းကြောင်းလည်း တိုသွားမယ်။ ကျွန်တော်တို့ တွံတေးမြို့ရဲ့ အခုနကပြောခဲ့တဲ့ တန်ဖိုးတွေကိုလည်း ခံစားနားလည်သွားနိုင်တဲ့အနေအထားရှိပါတယ်။ ဒါကတော့ အခုနက ကျွန်တော် ပြောတဲ့အထဲမှာပါတဲ့ တွံတေးတံတားကြီးပါ။ ဒါက တွံတေးရဲ့ မြို့အပိုင် ကံဘဲ့ကျေးရွာလမ်းဆုံ ဖြစ်ပါတယ်။ ရန်ကုန်က လာတဲ့ကားတွေမှန်သမျှက အဲဒီကံဘဲ့လမ်းဆုံကပဲ ကပ်ပြီးသွားကြတော့ တွံတေးကို မဝင်ဖြစ်ကြပါဘူး။ ဒါကတော့ ကျွန်တော် အခုနကပြောခဲ့တဲ့ စကေဒဓာတု ဆံတော် ခြောက်ဆူကိန်းဝပ်တဲ့ ကျွန်တော်တို့ရဲ့ ရွှေဆံတော် စေတီတော်မြတ်ကြီးဖြစ်ပါတယ်။ ဒါကတော့ အခုနက ကျွန်တော်ပြောခဲ့တဲ့ ပေါင်းတော်ချုပ်စေတီဝန်းဖြစ်ပါတယ်။ အဲဒီမှာ ပထမဆုံး မြန်မာနိုင်ငံမှာ ဗုဒ္ဓဂါယာဘုရားပုထိုးစေတီတော်တွေကို ပုံတူကူးပြီးတော့ တည်ထားခဲ့တဲ့ အဆောက်အဦတွေ အများကြီးရှိခဲ့တဲ့ စေတီတော်ကြီးဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ တွံတေးမြို့က ကျိုက်ဖူးကျိုက်ပါစေတီတော်မြတ်ပါ။ သမိုင်းကြောင်းအင်မတန်ကြီးပါတယ်။ မောင်ဒီတို့၊ ကျခက်ဝယ် ရန်မင်းသမီးတို့နဲ့ ဆက်စပ်နေတဲ့ သမိုင်းကြောင်းတွေရှိတယ်။ ကျိုက်ပါစေတီတော်မြတ် ဖြစ်ပါတယ်။ ဒါက ကျိုက်ဖူးကျိုက်ပါစေတီတော်မြတ်မှာ တည်ထားတဲ့ မြတ်စွာဘုရားအမှူးပြုတဲ့ သံဃာ(၁၀၀၀) ဆွမ်းခံကြွနေတဲ့ပုံတွေကို ထုလုပ်ကိုးကွယ်ထားတာဖြစ်ပါတယ်။ ဒါကတော့ ရေကျော် တံတားပါ။ ရေကျော်တံတားဆိုတာက ကော့မှူးမြို့နဲ့ ဆက်စပ်နေတဲ့နေရာပါ။ ဒါကတော့ ၉ မိုင်ရှိတဲ့ လမ်းလေးရဲ့ အကျယ်က ၉ ပေပဲရှိတော့တယ်။ ဒီကားကြီးတွေသွားရင် ဘယ်လိုမှ ဆိုင်ကယ်တောင် ရှောင်လို့ မရပါဘူး။ ဒီအခြေအနေပါ။ ဒါကတော့ ဒီလမ်းပေါ်မှာရှိတဲ့တံတားတွေရဲ့အခြေအနေပါ။ တံတားတွေရဲ့ အခြေအနေကလည်း တော်တော်ကိုယိုယွင်းနေပါပြီ။ ဒါကလည်း ကားအသေးလေးတောင်မှ တော်တော်ခက်ခက်ခဲခဲသွားနေရတဲ့အနေအထားပါ။ တံတားတွေကလည်း ပြိုပျက်တော့မယ့် အနေ အထားပါ။ ဒါကလည်း တံတားတွေရဲ့လက်ရန်းအခြေအနေတွေ၊ တံတားတွေရဲ့အခြေအနေက တော်တော်ဆိုးဆိုးရွားရွားဖြစ်နေတာကို ပြသထားတာဖြစ်ပါတယ်။ ကျွန်တော်ပြောချင်တဲ့ အဲဒီလမ်း လေးကို။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားပါ။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်လွင်မေးမြန်းထားတဲ့ တွံတေးမြို့နယ်နှင့် ကော့မှူးမြို့နယ်ကို ဆက်သွယ်ထား သော ကျေးလက်လမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ တွံတေး-ရေကျော်လမ်း သုံးမြို့နယ်ဆက်လမ်း အရှည် ၉ မိုင် ၇ ဖာလုံရှိပြီးတော့

လမ်းအကျယ် ၉ ပေကျယ်တဲ့ ကွန်ကရစ်လမ်းကို မေးခွန်းမေးမြန်းထားခြင်းဖြစ်ပါတယ်။ လမ်းက ရှိပြီးသားဖြစ်ပြီးတော့ လမ်းကကျဉ်းနေတာဖြစ်ပါတယ်။ ကားနှစ်စီးရှောင်လို့မရတဲ့လမ်းအခြေအနေ ဖြစ်ပြီးတော့ လက်ရှိကတော့ ကွန်ကရစ်လမ်းခင်းထားပါတယ်။ ဒါကို အဆင့်မြှင့်တင်ပေးဖို့နဲ့ လမ်းချဲ့ ပေးဖို့အတွက်ကို မေးမြန်းထားခြင်းဖြစ်ပါတယ်။ အဆိုပါလမ်းကတော့ တွံတေးမြို့နယ် ကုန်းဝက်ချောင်းကျေးရွာ၊ ဇလုပ်ကျေးရွာ၊ ပြဿတိုက်ကျေးရွာနှင့် အတွင်းရေကျော်အုပ်စုကျေးရွာ ကနေ စုစုပေါင်းအိမ်ခြေ ၃၀၀၀ ကျော်၊ လူဦးရေ ၁၀၀၀၀ ကျော်ကို နေ့စဉ်အသုံးပြုလျက်ရှိတဲ့ လမ်းဖြစ်တဲ့ အတွက် ဒါလည်း အရေးကြီးတဲ့လမ်းတစ်လမ်းဖြစ်ပါတယ်။ တွံတေး-ရေကျော်လမ်းသည် လမ်းအဆင့် သတ်မှတ်ချက်အရလည်း Class(A) ဦးစားပေးအဆင့်(၁)မှာ သတ်မှတ်ထားပါတယ်။ ဒါကြောင့်မို့လို့ လမ်းတာချဲ့ခြင်း၊ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခြင်းတွေ ဆောင်ရွက်ဖို့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေတင်ပြတောင်းခံသွားမှာဖြစ်ပြီးတော့ ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က နိုင်ငံတော်အတွင်း တည်ဆောက်ရေးလုပ်ငန်းများအား ခေတ်နှင့်လျော်ညီသော(ကြိုတင်သွန်းလောင်းမှု) Precast နည်းပညာနှင့် အခြားသင့်လျော်သော နည်းပညာများ အသုံးပြုတည်ဆောက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်က ဒေါ်ယဉ်မင်းလှိုင်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်ယဉ်မင်းလှိုင်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**မှုကြမ်း**

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် ဖြစ်ပါတယ်။ ကျွန်မကဒီနေ့ နိုင်ငံတော်ရဲ့တည်ဆောက်ရေးလုပ်ငန်းတွေမှာ Precast အပါအဝင် ခေတ်နဲ့လျော်ညီသော နည်းပညာ များအသုံးပြုရန် အဆိုတစ်ရပ်တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုမှာ အခြေခံအဆောက်အဦ Infrastructure တွေတည်ဆောက်ခြင်းဟာ အဓိကလုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံအနှံ့ အပြားမှာ လမ်းတံတားများနှင့် ဆေးရုံ၊ ရုံး၊ ကျောင်းနှင့် ဝန်ထမ်းအိမ်ရာအစရှိတဲ့ လူတို့၏ အခြေခံ လိုအပ်ချက်များကို ဦးစားပေးတည်ဆောက်လျက်ရှိကြပါတယ်။ မြို့ကြီးတွေသာမက ကျေးလက်အထိ အမျိုးမျိုးတည်ဆောက်လျက်ရှိရာမှာ ရှေးအချိန်တည်းက အသုံးပြုခဲ့တဲ့ ရှေးရိုးအစဉ်အလာ နည်းစနစ် များကိုသာ မပြောင်းလဲဘဲ အသုံးပြုတည်ဆောက်နေကြတာဖြစ်ပါတယ်။ လက်ရှိ မန္တလေးမြို့တော်မှာ စတင်ပြောင်းလဲအသုံးပြုနေတဲ့ Precast နည်းပညာနှင့် ရေမြောင်းများတည်ဆောက်ခြင်းကဲ့သို့ ပြုပြင်ပြောင်းလဲလို့ရတဲ့နေရာတွေ၊ လုပ်ငန်းတွေမှာ အဆင့်မြင့် ခေတ်နှင့်လျော်ညီတဲ့နည်းပညာများကို အသုံးပြုသင့်ပြီလို့ ယူဆတဲ့အတွက် ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်ရှင်။ Power Point အသုံးပြု ခွင့်ပေးပါရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဒီနေရာမှာ Precast နည်းပညာဆိုတာ လူလုပ်အားထက် စက်ရဲ့အားနဲ့ ပိုမိုကောင်းမွန်ထိရောက်တဲ့ လုပ်ငန်းလုပ်ဆောင်နိုင်သောပညာရပ်ဖြစ်ပါတယ်။ အုတ်နံရံနှင့်စီမယ့်အစား၊ အုတ်ဖုတ်နေမယ့်အစား၊ စတီးသံချောင်းတွေသုံးမယ့်အစားကို ဝါယာမက်လို့ ခေါ်တဲ့ စွမ်းအားမြင့်သံမျှင်များနှင့် ကွန်ကရစ်ကို မိုတွေထဲမှာ တစ်ခါတည်းစက်နှင့် အလိုရှိတဲ့ပုံစံကို သွန်းလောင်းယူလို့ရပါတယ်။ ကမ္ဘာအနှံ့အပြားမှာ အသုံးပြုနေကြပြီဖြစ်ပါတယ်။ Precast နည်းပညာ အသုံးပြုခြင်းအားဖြင့် သယံဇာတအရင်းအမြစ်တွေကို ချွေတာစွာ၊ တိကျစွာ၊ အလေအလွင့်နည်းပါးစွာ အသုံးပြုနိုင်မှာဖြစ်ပြီး ယခုသုံးနေတဲ့နည်းလမ်းတွေထက် အဆများစွာ တာရှည်ခံမှာဖြစ်ပါတယ်။ ခန့်မှန်းခြေနှစ် ၅၀ ခန့် ရေရှည်ခံတဲ့အခြေခံအဆောက်အဦတွေရရှိလာမှာဖြစ်ပါတယ်။ ယေဘုယျအား ဖြင့် ကွန်ကရစ်ကို ၃၀ ရာခိုင်နှုန်းသက်သာပြီးတော့ စတီး၊ သံချောင်းအသုံးပြုမှု ၃၀ ရာခိုင်နှုန်း သက်သာမှာဖြစ်ပါတယ်။ ငလျင်၊ မုန်တိုင်း၊ ရေဘေး၊ မီးဘေးစတဲ့ သဘာဝဘေးအန္တရာယ်တွေကို ခံနိုင်ရည်ရှိတဲ့ စိတ်ကြိုက်အရည်အသွေးကို ကြိုက်တဲ့အရောင် တစ်ခါတည်းထည့်ပြီး ထုတ်လုပ်နိုင်တဲ့ အတွက် ဆေးသုတ်တဲ့ကုန်ကျစရိတ်လည်း သက်သာမှာဖြစ်ပါတယ်။ ခန်းပွင့်တွေလည်း ခြောက်မီတာကနေ ပြီးတော့ ၁၂ မီတာအကျယ်အထိ ဆောက်လုပ်နိုင်ပါတယ်။ တည်ဆောက်ရာမှာလည်း အချိန်နဲ့ လုပ်အားကုန်ကျစရိတ်အလွန်သက်သာပြီးတော့ ဒေသထွက်ပစ္စည်းကို သုံးစွဲနိုင်တာဖြစ်လို့ ရေရှည် အတွက်အမှန် အင်မတန်အကျိုးရှိမှာဖြစ်ပါတယ်။ အရည်အသွေးတွေကို စစ်ဆေးဖို့လွယ်ကူပြီး အထူး သဖြင့် မိုတစ်ခုတည်းကို ထပ်ခါထပ်ခါအသုံးပြုနိုင်တဲ့အတွက် ပုံစံတူတဲ့ ဆေးရုံ၊ ကျောင်း၊ ဈေး၊ ဝန်ထမ်းအိမ်ရာလိုနေရာတွေအတွက် အထူးသင့်လျော်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ဘိလပ်မြေစက်ရုံကဲ့သို့ သဘာဝအရင်းအမြစ်တစ်ခုအနီးမှာ Precast စက်ရုံကိုတည်ဆောက်ပြီး လွယ်ကူသက်သာစေမယ့် စနစ်ကျတဲ့သယ်ယူပို့ဆောင်ရေးစနစ်တစ်ခုနဲ့ တည်ဆောက်ရာမှာ မပေး၊ ရွှေ့ပေးမယ့် ကရိန်းကားတစ်စီးကိုအသုံးပြုရုံနဲ့ အရည်အသွေးမြင့်မားတဲ့ အဆောက်အဦတွေရရှိမှာ ဖြစ်ပါတယ်။ လက်ရှိ ဆောက်လုပ်ရေးလောကမှာ အသုံးပြုတွက်ချက်နေကြတဲ့ Yellow Book ခေါ်တဲ့ စံနှုန်းစာအုပ်မှာပါရှိတဲ့ လုပ်သားကြီး၊ လုပ်သားငယ်၊ ပန်းရံ၊ လက်သမားစတဲ့ များပြားလှတဲ့ ပျမ်းမျှအားဖြင့် လုပ်ငန်းတစ်ခုလုံးကုန်ကျစရိတ် ၃၀ ရာခိုင်နှုန်းခန့်ဖြစ်နေတဲ့ လုပ်အားကုန်ကျစရိတ်တွေကို သိသိသာသာလျှော့ချနိုင်မှာဖြစ်လို့ များစွာအကျိုးရှိမှာဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံအနှံ့ ၂၀၁၈-၂၀၁၉ ခုနှစ် တစ်နှစ်တည်းမှာပဲ စာသင်ကျောင်းဆောင်ပေါင်း ၆၀၀၀ ခန့်ဆောက်လုပ်မှာဖြစ်ပါတယ်။ နေပြည်တော်ကောင်စီတစ်ခုတည်းမှာ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အတွက် ကုန်ကျစရိတ် ဘီလီယံ ၅၀ ကျော် သုံးစွဲမှာဖြစ်လို့ တိုးတက်ခေတ်မီတဲ့ နည်းပညာတွေ ပြောင်းလဲသုံးစွဲဖို့ အခွင့်ကောင်း၊ အခါကောင်း၊ အချိန်ကောင်းရောက်နေပြီ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ လမ်းတွေတည်ဆောက်ရာမှာလည်း ရှေးရိုးအစဉ်အလာအတိုင်း Macadam Method နဲ့ ကျောက်တွေအကြီးအသေးစီပြီးတော့ လုပ်ဆောင်နေကြမယ့်အစား အခု ADB World Bank ချေးငွေတို့နှင့် တည်ဆောက်တဲ့လမ်းတွေလို Granular Method၊ Stabilize Method တွေကို အသုံးပြုကြမယ်ဆိုရင် ရေရှည်မှာပိုပြီးအကျိုးရှိနိုင်တာမို့ နည်းစနစ်တွေပြောင်းလဲ ပြီး ခေတ်နဲ့လျော်ညီတဲ့နည်းပညာ၊ ဒေသထွက်ပစ္စည်းတွေအသုံးပြုနိုင်တဲ့ နည်းပညာတွေကို စဉ်းစားပြောင်းလဲအသုံးပြုသင့်ပြီဖြစ်ပါတယ်။ ကျောက်တောင်ကြီးတွေဖြိုချလို့ဖြစ်တဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတွေ၊ အုတ်ဖုတ်လို့ဖြစ်တဲ့စိုက်ပျိုးမြေတွေပျက်စီးမှုတွေနဲ့ ထင်းအသုံးပြုလို့ဖြစ်တဲ့ သစ်တောပြုန်းတီးမှုတွေ၊ တည်ဆောက်ချိန်ကြာမြင့်မှုတွေ၊ ကွန်ကရစ်အရည်အသွေးမမီတာတွေ၊ သာမန်အားဖြင့်သိဖို့ခက်ခဲတဲ့ အရည်အသွေးညံ့ဖျင်းတဲ့သံချောင်းအသုံးပြုတည်ဆောက်မှုတွေ၊ ကျောက်လမ်း၊ မြေနီလမ်း၊ တံတားစသည်တို့ကို ၅ နှစ်ပင်မခံဘဲ နှစ်စဉ်ထပ်ခါထပ်ခါပြန်ပြင်ရတဲ့ကုန်ကျစရိတ်တွေဆိုတာတွေကို ထည့်သွင်းစဉ်းစားပြီး ပြောင်းလဲဆောင်ရွက်သင့်ပြီ ဖြစ်ပါတယ်။ အဓိကတစ်ချက်ဖြစ်တဲ့ RC အဆောက်အဦတွေအတွက် Frame Work ရိုက်ရတဲ့ သစ်သားကုန်ကြမ်းကုန်ကျစရိတ်နှင့် ပုံလောင်းခြင်း၊ သံချောင်းစင်ခြင်း၊ ကွန်ကရစ်လောင်းခြင်း၊ ပြန်ဖြုတ်ခြင်းစတဲ့ အဆင့်တွေ အများကြီးလျှော့ချနိုင်မှာဖြစ်ပါတယ်။ ယခု တည်ဆောက်နေတဲ့ တံတားကြီးတွေအတွက်လည်း ယက်မကြီးတွေကို Precast တွေနဲ့ လုပ်ဖို့နှောင့်နှေးမနေသင့်တော့ပါဘူး။ ကုန်ကျစရိတ်များလှတဲ့ ရှေးရိုးစဉ်လာနည်းစနစ်တွေအစား အချိန်နှင့်နှိုင်းယှဉ်အချိုးချကြည့်ရင် ရေရှည်ခံပြီး အကျိုးရှိမယ့် လမ်းတည်ဆောက်တဲ့အဆင့်မြင့်နည်းပညာတွေကို အသုံးပြုသင့်နေပြီဖြစ်ပါတယ်။ အချို့ရှေးရိုးနည်းလမ်းတွေဟာ ရေတိုမှာကုန်ကျစရိတ်သက်သာဟန်ရှိပေမယ့် ရေရှည်မှာခေတ်မီနည်းပညာ သုံးစွဲတည်ဆောက်မှုတွေရဲ့တာရှည်ခံတဲ့သက်တမ်းကို မမီနိုင်ပါဘူး။ Precast ရဲ့ကုန်ကျစရိတ်ကလည်း PAE US ဒေါ်လာ ၂၀ ခန့်လို့သိရလို့ လက်ရှိနှုန်းထားတွေနဲ့ ကွာဟမှုနည်းပါတယ်။ နည်းစနစ်ပြောင်းလဲဖို့ ကုန်ကျစရိတ်ကွာဟမှုမရှိလှပါဘူး။ နောက်တစ်ချက်အရေးကြီးတာကတော့ တင်ဒါလမ်းညွှန်အတိုင်း လိုက်နာကျင့်သုံးရမှာ

ဖြစ်တဲ့အတွက် ဆောက်လုပ်ရေးကုမ္ပဏီတွေကို ဒီလိုနည်းပညာတွေသုံးစွဲဖို့ ဝန်ကြီးဌာနတွေက တိတိကျကျသတ်မှတ်ရေးသားပြီးသား တင်ဒါခေါ်ယူဖို့ဖြစ်ပါတယ်။ အကုန်လုံးချက်ချင်းမလုပ်နိုင်သေးရင်တောင်မှ လမ်း၊ တံတားတွေနဲ့ ဆေးရုံ၊ ကျောင်း၊ ဝန်ထမ်းအိမ်ရာလို အများပြည်သူနှင့်သက်ဆိုင်တဲ့ အဆောက်အဦတွေမှာ ဒီလိုနည်းပညာတွေ အသုံးပြုတည်ဆောက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ချက်ကတော့ Precast လိုနည်းပညာတွေဟာ အရည်အသွေးကို လွယ်ကူစွာ စစ်ဆေးနိုင်တဲ့အတွက် တည်ဆောက်ရာမှာလည်း ရှင်းလင်းလွယ်ကူတဲ့အတွက် အချိန်ကုန်၊ ငွေကုန်သက်သာတဲ့အပြင် တည်ဆောက်ရေးလုပ်ငန်းတွေရဲ့ အကျင့်ပျက်ခြစားမှုတွေကို ထိထိရောက်ရောက်ကာကွယ်နိုင်ပြီး ပြင်ဆင်ထိန်းသိမ်းစရိတ်တွေကို များစွာလျှော့ချနိုင်မှာဖြစ်ပါတယ်။ အုတ်စီပုံမမှန်ကန်တာ။ အုတ်အရည်အသွေးညံ့ဖျင်းတာ။ အာဆီမှန်သံချောင်းခိုတာ။ ကွန်ကရစ်အရည်အသွေးမမှီတာ။ ရှေ့ကဆောက်ပြီး နောက်ကပျက်တာတွေ မရှိနိုင်တော့လို့ Safety First ဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ အများပြည်သူစိတ်ချမ်းသာမယ့် ပြည်သူ့ဘဏ္ဍာငွေကို အကျိုးရှိထိရောက်စေမယ့် ကြိုတင်သွန်းလောင်းမှု Precast နည်းပညာနှင့်အခြားနည်းပညာများ အသုံးပြုတည်ဆောက်ကြရေး ကြည့်ကြပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အဆိုပြုတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ယဉ်မင်းလှိုင်တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်တင်သွင်းတဲ့ နိုင်ငံတော်အတွင်း တည်ဆောက် ရေးလုပ်ငန်းများအား Precast အပါအဝင် ခေတ်နဲ့လျော်ညီသော နည်းပညာများအသုံးပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေမှာ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေအစား Precast ထုတ်ကုန်များကို အသုံးပြုခြင်းအားဖြင့် အကျိုးအဖြစ် အားနည်းချက်၊ အားသာချက်များကို ပြည့်ပြည့်စုံစုံ အချက်အလက်နဲ့ တင်ပြသွားတာ တွေ့ရပါတယ်။ Precast ဆိုတာ ကြိုတင်သွန်းလောင်းထားတဲ့ ကွန်ကရစ်ပစ္စည်းများပဲ ဖြစ်ပါတယ်။ ကွန်ကရစ် ရေမြောင်းတွေ၊ ကွန်ကရစ်မြောင်းဟောင်းတွေ၊ ကွန်ကရစ်ပိုက်တွေ၊ ကွန်ကရစ်တိုင်တွေ၊ နံရံတွေ၊ ကတ်တိုးတွေ၊ ကြမ်းခင်းတွေစသဖြင့် ကြိုတင်သွန်းလောင်းထားတဲ့ ကွန်ကရစ်အစိတ်အပိုင်းများ ဖြစ်ပါတယ်။ ရေမြောင်းများ၊ လမ်းများ၊ တံတားများနှင့်အဆောက်အဦများ တည်ဆောက်ရာမှာ အသင့်ကြိုတင်သွန်းလောင်းထားတဲ့ ကွန်ကရစ်အစိတ်အပိုင်းများကို လွယ်ကူစွာ တပ်ဆင်တည်ဆောက် တာဖြစ်ပါတယ်။ Precast သုံးခြင်းအားဖြင့် အရည်အသွေးအားဖြင့် တိတိကျကျထိန်းသိမ်းနိုင်တယ်။ အလေအလွင့်မရှိဘူး။ ကုန်ကျစရိတ်သက်သာတယ်။ အချိန်မကုန်ဘူး။ မြန်မြန်ဆန်ဆန်တည်ဆောက်နိုင်တယ်။ ပြီးတော့ ရေရှည်တည်တံ့

ခိုင်မြဲတယ်။ ပြည်သူ့ဘဏ္ဍာငွေကို အကျိုးရှိရှိ ထိထိရောက်ရောက် သုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဥပမာ ပြောရရင် နှစ်ပေရေမြောင်းတစ်ခုဟာ မလုံလောက်တော့ဘူး။ သုံးပေ ချဲ့ရမယ်ဆိုပါစို့။ Precast ရေမြောင်းဆိုရင် နှစ်ပေရေမြောင်းကိုတူးပြီးတော့ သုံးပေရေမြောင်းနှင့် လဲလှယ်မယ်။ ပြီးလို့ရှိရင် ပြန်တူးထားတဲ့ နှစ်ပေရေမြောင်းကို တခြားလိုအပ်တဲ့နေရာမှာ ပြန်လည် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို ထပ်တလဲလဲအသုံးပြုနိုင်ပြီးတော့ ပြုပြင်မယ်ဆိုလည်း လွယ်လွယ်ကူကူ ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နိုင်ပါတယ်။

ဒီနေရာမှာ ရိုးရိုးအုတ်စီရေမြောင်းဆိုရင် အားလုံးကိုဖြိုဖျက်ပြီးမှ အသစ်ပြန်လည်တည်ဆောက် ရမှာဖြစ်ပါတယ်။ Precast နည်းပညာဆိုတာ ကျွန်တော်တို့တိုင်းပြည်မှာ စိမ်းသလိုဖြစ်ပေမဲ့ ဒီနည်းပညာဟာ ၁၉ ရာစုအစောပိုင်းကတည်းက အင်္ဂလန်မှာ စတင်ကျင့်သုံးလာတဲ့ နှစ် ၁၀၀ ကျော်တဲ့ နည်းပညာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ရဲ့အိမ်နီးချင်း အာဆီယံနိုင်ငံတွေမှာလည်း ဒီနည်းပညာ ကို တွင်တွင်ကျယ်ကျယ်အသုံးပြုနေတာ ၁၀ စုနှစ်မကရှိနေပြီဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ အသုံးပြုတဲ့အနေနဲ့ လူနေအိမ်ကစပြီးတော့ Mega Structure တွေဖြစ်တဲ့ မိုးပျံလမ်းကြီးတွေ၊ မြစ်ကူး တံတားကြီးတွေ၊ အဆင့်မြင့်အဆောက်အဦကြီးတွေအထိ Precast ထုတ်ကုန်နဲ့ တည်ဆောက်နေတာ ကို တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာတော့ မန္တလေးမြို့တော်စည်ပင်က စတင်အသုံးပြုနေပြီ ဖြစ်ပါတယ်။ ပုဂ္ဂလိကလုပ်ငန်းအချို့မှာလည်း အသုံးပြုနေပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့တင်ပြချက်ကိုကြည့်ရင် ကျွန်တော်တို့ နိုင်ငံထက် ရှေ့ရောက်နေတဲ့နိုင်ငံတွေမှာ Precast နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးမပြုနိုင် သည့်တိုင် လောလောဆယ်အစိုးရက အထူးအလေးပေးဆောင်ရွက်တဲ့ တန်ဖိုးအိမ်ရာလိုစီမံကိန်းတွေ၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဆေးရုံ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ စည်ပင်သာယာက ဆောင်ရွက် နေတဲ့ ရေနုတ်မြောင်းများ၊ ရေထုတ်ပြွန်များ၊ လမ်းများ၊ တံတားများမှာ Precast ထုတ်ကုန်များကို အသုံးပြုတည်ဆောက်ခြင်းအားဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာမှာဖြစ်သလို အရည်အသွေးပိုင်း ဆိုင်ရာမှာလည်း များစွာကောင်းမွန်စေမှာဖြစ်ပါတယ်။ ဒါ့အပြင် အစိုးရကစပြီးတော့ ဒီနည်းပညာကို ရှေ့ဆောင်လမ်းပြအားပေးအသုံးပြုမယ်ဆိုရင် ပြည်တွင်းလုပ်ငန်းရှင်များသာမက နိုင်ငံခြားရင်းနှီး မြှုပ်နှံသူတွေကလည်း ဒီနည်းပညာနှင့်ဆက်စပ်တဲ့လုပ်ငန်းတွေမှာ တိုးချဲ့ရင်းနှီးမြှုပ်နှံလာကြမှာ ဖြစ်ပါ တယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယှဉ်ပြိုင်မှုပြင်းထန်လွန်းတဲ့ ဒီနေ့ကမ္ဘာကြီးမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ အစစအရာရာ နောက်ကျမကျန်စေဖို့ အလွန်အရေးကြီးပါတယ်။ စီးပွားရေး အရ၊ ဖွံ့ဖြိုးရေးအရ ယှဉ်ပြိုင်နိုင်စွမ်းကို အားကုန်ကြိုးပမ်းနေချိန်မှာ နည်းပညာအရ နောက်ကျ မကျန်ရစ်ရလေအောင် အဓိကကျပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တခြားနိုင်ငံတွေမှာ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုပြီးတော့ အကျိုးကျေးဇူးအသီးအပွင့်တွေ ခံစား၊ စံစားနေပြီဖြစ်တဲ့ Precast နည်းပညာကို ဆောလျင်စွာအသုံးပြုဖို့ အထူးလိုအပ်ပါတယ်။ နိုင်ငံတော်ရဲ့တည်ဆောက်ရေး လုပ်ငန်းတွေ အရည်အသွေး၊ စံချိန်စံညွှန်းပြည့်မီစေဖို့၊ ပြုပြင်ပြောင်းလဲမှုခြေလှမ်းတွေနဲ့ စီမံခန့်ခွဲတဲ့ အင်ဂျင်နီယာတွေရဲ့အရည်အချင်းကို အသိအမှတ်ပြုပေးဖို့၊ PARLC စတာတွေကိုလည်း စိစစ်

ထုတ်ပေးနေတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းအစိုးရဘတ်ဂျက်နဲ့ဆောင်ရွက်နေတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ Third Party၊ QC/QA အဖွဲ့တွေနဲ့ အရည်အသွေးပိုင်းဆိုင်ရာ စီမံချက်ချ စတင်စိစစ် အကောင်အထည်ဖော်နေတဲ့ကာလလည်း ဖြစ်ပါတယ်။ ဒီလိုအချိန်မှာ တည်ဆောက်ရေးနည်းပညာနှင့် တည်ဆောက်ရေးပစ္စည်းများရဲ့အရည်အသွေးအာမခံမှု ရရှိစေရေး ဟာ နောက်ချန်ထားခဲ့လို့မဖြစ်ပါဘူး။ ပြည်သူ့ဘဏ္ဍာငွေကိုလည်း အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဂန့်ဂေါမဲဆန္ဒနယ်က လွှတ်တော် ကိုယ်စားလှယ်ကြီး ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့ နိုင်ငံတော်ရဲ့တည်ဆောက်ရေးလုပ်ငန်းတွေမှာ Precast အပါအဝင် ခေတ်နှင့်လျော်ညီတဲ့နည်းပညာများ အသုံးပြုတည်ဆောက်ရန် ပြည်ထောင်စု အစိုးရအားတိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံရင်း ပြည်သူ့လွှတ်တော်ကြီးက လက်ခံစဉ်းစားဆွေးနွေးပေးပါရန် တိုက်တွန်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေ ခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်ကတင်သွင်းသော နိုင်ငံတော်အတွင်း တည်ဆောက်ရေးလုပ်ငန်း များအား ခေတ်နှင့်လျော်ညီသော(ကြိုတင်သွန်းလောင်းမှု) Precast နည်းပညာနှင့် အခြားသင့်လျော် သော နည်းပညာများ အသုံးပြုတည်ဆောက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၉-၁၁-၂၀၁၈ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

မူကြမ်း

## ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်း(အတွင်းရေးမှူး၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ)**။ ။ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရေကော်မတီ အတွင်းရေးမှူး ဦးသိန်းထွန်း ဖြစ်ပါတယ်။ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက် ဒုတိယနှစ်ပတ်လည်အစီရင်ခံစာ ၁၇-၂-၂၀၁၇ ရက်နေ့မှ ၁၆-၂-၂၀၁၈ ရက်နေ့အစီရင်ခံစာကို ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ ဥက္ကဋ္ဌ၏တာဝန်ပေးချက်အရ အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ အစီရင်စာနဲ့ ပတ်သက်ပြီးတော့ ကိုယ်စားလှယ်များအားလုံးကိုလည်း ဖြန့်ဝေပြီးဖြစ်တဲ့အတွက်ကြောင့် အကျဉ်းချုံးပြီး တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အစည်းအဝေးစတင်ခေါ်ယူခဲ့ပြီး တောင်သူလယ်သမား၊ အလုပ်သမား နှင့်လူငယ့်ရေးရာကော်မတီကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမမြောက်နေ့ ၁၇-၂-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၂၀/၂၀၁၆ အရ ဥက္ကဋ္ဌအပါအဝင် ကော်မတီဝင် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။ ထိုသို့ ဖွဲ့စည်းခဲ့ပြီးနောက် ကော်မတီအမည်ကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ၇-၃-၂၀၁၆ ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၈/၂၀၁၆ ဖြင့် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဟု ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်။ ယခုအခါ ကော်မတီလုပ်ငန်းများကို ကော်မတီဝင် ၁၈ ဦး၊ လေ့လာသူ တပ်မတော်သားကိုယ်စားလှယ် နှစ်ဦး စုစုပေါင်း ၂၀ တို့ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ကော်မတီရဲ့သက်တမ်းဟာ ၁၆-၂-၂၀၁၈ ရက်နေ့မှာ နှစ်နှစ်ပြည့်မြောက်ပြီဖြစ်တဲ့အတွက်ကြောင့် ပြည်သူ့လွှတ်တော်ရဲ့ ၂၀-၂-၂၀၁၈ ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၂/၂၀၁၈ အရ ကော်မတီကို ၁၇-၂-၂၀၁၈ ရက်နေ့မှ ၁၆-၂-၂၀၁၉ အထိ နောက်ထပ်သက်တမ်းတစ်နှစ် တိုးမြှင့်သတ်မှတ်ထားပါတယ်။

ကော်မတီရဲ့ဆောင်ရွက်ချက်များ။ ကော်မတီများသည် လွှတ်တော်ကချမှတ်ပြဋ္ဌာန်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ ပေါင်းစပ်ကာ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ ထဲထဲဝင်ဝင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အစီရင်ခံစာကာလအတွင်း ကော်မတီအစည်းအဝေး စုစုပေါင်း ၂၉ ကြိမ်ကျင်းပပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက် ၄၀ ခုချမှတ်နိုင်ခဲ့ပါ

တယ်။ ကော်မတီလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် ကော်မတီဥက္ကဋ္ဌသည် ကော်မတီဝင်များအား တောင်သူလယ်သမားကဏ္ဍနှင့် အလုပ်သမားကဏ္ဍဟူ၍ တာဝန်ခွဲဝေသတ်မှတ်ပေးခဲ့ပါသည်။ ယင်းကဏ္ဍများကို ကော်မတီဥက္ကဋ္ဌကဦးဆောင်၍ တောင်သူလယ်သမားကဏ္ဍတွင် ကော်မတီဝင် ၁၀ ဦးနှင့် အလုပ်သမားကဏ္ဍတွင် ကော်မတီဝင်ကိုးဦးတို့ဖြင့် ကော်မတီလုပ်ငန်းများကို ကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေရေးရာကိစ္စများအပေါ် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကော်မတီဝင်များအနေဖြင့် ကော်မတီမှစိစစ်ရမည့် ဥပဒေများတွင် မပါဝင်သော်လည်း လုပ်ငန်းသဘောသဘာဝအရ ဆက်စပ်လျက်ရှိသည့် တောင်သူလယ်သမားများနှင့် သက်ဆိုင်သောဥပဒေများကို သက်ဆိုင်ရာကော်မတီများနှင့်ပေါင်းစပ်၍ ဆွေးနွေးဆောင်ရွက်ခဲ့ကြပါတယ်။ အဲဒီဥပဒေများကတော့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ မြေသိမ်းဥပဒေ၊ သစ်တောဥပဒေနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေတို့ ဖြစ်ပါတယ်။ ကော်မတီဟာ အလုပ်သမား၊ လူဝန်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အသစ်ရေးဆွဲလျက်ရှိသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေနှင့် ပြင်ဆင်ရေးဆွဲလျက်ရှိသော အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေတို့ကို ဥပဒေကြမ်းကော်မတီနှင့် ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

တိုင်ကြားစာများနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များ။ ကော်မတီ ဖွဲ့စည်းခဲ့တဲ့ အချိန်မှစ၍ နိုင်ငံတစ်ဝန်းလုံးရှိ လယ်ယာမြေသိမ်းဆည်းခံရသော တောင်သူလယ်သမားများနှင့်စပ်လျဉ်းသည့် တိုင်ကြားစာများ၊ အလုပ်သမားရေးရာကိစ္စများနှင့်စပ်လျဉ်းသည့် တိုင်ကြားစာများ၊ အခြားမြေကိစ္စများနှင့်စပ်လျဉ်းသည့် တိုင်ကြားစာများ ကော်မတီသို့ ရောက်ရှိလာပါတယ်။ ကော်မတီဖွဲ့စည်းပြီးသည့်အချိန်မှစတင်၍ ၁၆-၂-၂၀၁၈ ရက်နေ့အထိ ကော်မတီသို့ရောက်ရှိလာသော တိုင်ကြားစာများမှာ တောင်သူလယ်သမားများ၏ တိုင်ကြားစာ ၆၇၀၄ စောင်၊ အလုပ်သမားများ၏ တိုင်ကြားစာ ၁၀၂ စောင်၊ ကော်မတီလုပ်ပိုင်ခွင့်နှင့်မသက်ဆိုင်သော ထူးခြားသည့်တိုင်ကြားစာ ၅၃ စောင်၊ စုစုပေါင်း တိုင်ကြားစာ ၆၈၅၉ စောင် ရောက်ရှိခဲ့ပါတယ်။ လက်ရှိအချိန်ထိလည်း တိုင်ကြားစာများ၊ တင်ပြစာများ ထပ်မံရောက်ရှိလျက်ရှိပါတယ်။ ကော်မတီသို့ရောက်ရှိတဲ့ တိုင်ကြားစာများကို ကော်မတီဝင်များရဲ့ အကြံပြုချက်များနဲ့ တိုင်ကြားစာများနှင့်သက်ဆိုင်သော လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးပို့ခဲ့ရာ အစီရင်ခံစာကာလအတွင်း ဗဟိုကော်မတီသို့ ၂၀၁၀ စောင်၊ တောင်သူလယ်သမားတိုင်ကြားစာများနှင့် သက်ဆိုင်သောဝန်ကြီးဌာနများသို့ ၃၁ စောင်၊ အလုပ်သမားနှင့်စပ်လျဉ်းသည့် တိုင်ကြားစာများအနက်မှ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ၂၅ စောင် စုစုပေါင်း တိုင်ကြားစာ ၂၀၆၆ စောင်ကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးနှင့် ဆောင်ရွက်ပြီးစီးမှုအား ပြန်ကြားပေးနိုင်ပါရန် လွှဲပြောင်းပေးပို့ခဲ့ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီနှင့်မသက်ဆိုင်တဲ့ တိုင်ကြားစာ ၅၂ စောင် ဆက်လက်ဆောင်ရွက်ရန်မလိုအပ်တဲ့ တိုင်ကြားစာ ၁၂၃၅ စောင်ကို ကော်မတီဝင်များ၏ မှတ်ချက်ဖြင့်

ကော်မတီတွင် ဖိုင်တွဲအဖြစ်ထားရှိခဲ့ပါတယ်။ ကော်မတီသို့ရောက်ရှိသော အလုပ်သမားတိုင်ကြားစာများမှာ အသက်မပြည့်ဘဲ တပ်မတော်သို့ဝင်ရောက်ခဲ့သော တပ်မတော်သားများသည် တပ်မတော်မှ တရားဝင်နှုတ်ထွက်ခွင့်ရရှိရေးအတွက် တင်ပြတိုင်ကြားလာသော တိုင်ကြားစာများအပေါ်တွင် ကော်မတီအနေဖြင့် မှတ်ချက်ပြု၍ သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာနသို့ စိစစ်ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး ပေးပို့ဆောင်ရွက်လျက်ရှိပါတယ်။ ကော်မတီရဲ့ အားသာချက်၊ အားနည်းချက်များ။ တိုင်ကြားစာများကို ဖတ်ရှုရာမှာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဖတ်ရှုလေ့လာပြီး တွေ့ရှိချက်များကို ကော်မတီအစည်းအဝေးများတွင် ပြန်လည်ဆွေးနွေးခြင်းဖြင့် တစ်နိုင်ငံလုံးရှိလယ်ယာမြေကိစ္စ၊ တောင်သူလယ်သမားများကိစ္စနှင့် အလုပ်သမားပြဿနာများကို ကော်မတီဝင်များပိုမိုကျယ်ပြန့်စွာ သိရှိကြပါသည်။ တိုင်ကြားစာများအပေါ် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ တိုင်ကြားစာများ များပြားခြင်း၊ တိုင်ကြားစာတွင် မိတ္တူပေးခြင်း၊ ထပ်ခါတစ်လဲလဲ တိုင်ကြားခြင်း၊ လယ်ယာမြေသိမ်းဆည်းမှုနှင့် မသက်ဆိုင်ဘဲ လယ်ယာမြေအငြင်းပွားမှုများ၊ လယ်ပြန်ငွေပြန်ကိစ္စရပ်များ ရောထွေးနေမှုကြောင့် တိုင်ကြားစာ၏ မှတ်ချက်ပြုရာတွင် နှောင့်နှေးကြန့်ကြာခြင်း၊ မှန်ကန်မှုအားနည်းခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါတယ်။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ ပေးပို့ခဲ့ပြီးသော တိုင်ကြားစာများအား ဆက်လက်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအရေအတွက်၊ ဆောင်ရွက်ဆဲအရေအတွက်နှင့် ဆောင်ရွက်ကျန်အရေအတွက်များအား အဆိုပါဗဟိုကော်မတီမှ မိမိတို့ကော်မတီသို့ ပြန်လည်အကြောင်းကြားမှု အလွန်နည်းပါးတဲ့အတွက်ကြောင့် ကော်မတီ၏တိုင်ကြားစာများအပေါ် ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်မှုမှာ အားနည်းလျက်ရှိပါတယ်။ ဘတ်ဂျက်ကိစ္စများနဲ့ ပတ်သက်ပြီးတော့ စိစစ်ရေးပူးပေါင်းကော်မတီများ ဖွဲ့စည်းရာမှာလည်း ကော်မတီဝင်များအားလုံး ပါဝင်နိုင်ရေး ဒါမှမဟုတ်လို့ရှိရင် အလှည့်ကျပါဝင်နိုင်ရေးကိုလည်း ဆောင်ရွက်စေခြင်းဖြင့် ကော်မတီဝင်များအားလုံး ဘတ်ဂျက်အတွေ့အကြုံကို ရရှိစေနိုင်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကနေပြီးတော့ သတ္တမပုံမှန်အစည်းအဝေးအထိ ကော်မတီဝင်များ၏ အဆိုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းနှင့် မေးခွန်းများမေးမြန်းခြင်းဆောင်ရွက်မှုတို့မှာ အဆို ၃ ခု၊ ကြယ်ပွင့်ပြမေးခွန်း ၃၅ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၁၄၄ ခုနဲ့ အဆိုဆွေးနွေးမှုများ ၃၂ ခုရှိပါတယ်။ အလုပ်ရုံဆွေးနွေးပွဲများ၊ ကော်မတီလုပ်ငန်းဆောင်ရွက်ချက် ဒုတိယနှစ်ပတ်လည်အစီရင်ခံတွင် ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏တာဝန်ပေးချက်အရ တောင်သူလယ်သမား၊ အလုပ်သမားနှင့်သက်ဆိုင်သော လွှတ်တော်ပြင်ပအလုပ်ရုံဆွေးနွေးပွဲ ၄၃ ကြိမ်၊ လွှတ်တော်ပြင်ပ လုပ်ငန်းညှိနှိုင်းပွဲ ၁၀ ကြိမ်၊ ကော်မတီသို့ဖိတ်ကြားလာသော အခန်းအနား ၈ ကြိမ်တက်ရောက်ခဲ့ပါသဖြင့် ကော်မတီ၏ဒုတိယနှစ်ပတ်လည်အစီရင်ခံစာကာလအတွင်း လွှတ်တော်ပြင်ပတွင် စုစုပေါင်း ၅၃ ကြိမ် တက်ရောက်ခဲ့ပါတယ်။

## ပြင်ပအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်း

ကော်မတီဝင်များအနေဖြင့် ပြည်သူ့လွှတ်တော်၏တာဝန်ပေးချက်အရ ကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်(တိုက်ကြီးမဲဆန္ဒနယ်)သည် တောင်သူလယ်သမား၊ အခွင့်အရေးကာကွယ်ရေးနှင့်

အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၂၀ တို့အရ ဖွဲ့စည်းခဲ့သော တောင်သူလယ်သမား၊ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဦးစောတင်ဝင်း(ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်)သည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနမှ ဖွဲ့စည်းသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)သည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၆-၃-၂၀၁၈ ရက်နေ့ပါ စာအမှတ် ၅၀၀/၅-၁၉(၇၈၁)/အစိုးရ(ဧရာဝတီ)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဝင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

**ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှုများ**

ကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် အာရှဒေသပတ်ဝန်းကျင်ကောင်းမွန်ရေးနည်းပညာပြန့်ပွားမှုအဖွဲ့(NPO)နှင့် လက်ခံတွေ့ဆုံမှု(၃)ကြိမ်၊ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီအခြေစိုက် NAMATI ၏ Country Director ဦးဆောင်အဖွဲ့နှင့် လက်ခံတွေ့ဆုံမှု(၂)ကြိမ်၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့မှ Executive Director ဦးဆောင်သော HRDP အဖွဲ့နှင့် တွေ့ဆုံမှု(၁)ကြိမ်၊ မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့(ဧရာဝတီ) (MATA)အဖွဲ့နှင့် တွေ့ဆုံမှု(၁)ကြိမ်၊ မြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေး အလုပ်သမားနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်နှင့်တွေ့ဆုံမှု(၂)ကြိမ်၊ ကရင်ပြည်နယ်အခြေစိုက် ၈၈ ကရင်မျိုးဆက် ကျောင်းသားများ၏ လူမှုဖွံ့ဖြိုးရေးအသင်းနှင့် တွေ့ဆုံမှု(၁)ကြိမ် တွေ့ဆုံဆောင်ရွက်ခဲ့သဖြင့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုစုစုပေါင်း (၁၀)ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်။

**ကော်မတီအစည်းအဝေးကျင်းပမှုများ**

ကော်မတီသည် လွှတ်တော်ကသတ်မှတ်ပေးထားသော ကော်မတီ၏တာဝန် ဝတ္တရားများနှင့်အညီ တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏အခက်အခဲများနှင့် နစ်နာမှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်နှင့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကိုဆွေးနွေးရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၉)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

**ဥပဒေပြုခြင်း**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းအတွင်း ကော်မတီအနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စည်းကြပ်သော အလုပ်သမားရေးရာ ဥပဒေစုစုပေါင်း(၁၅)ခုကို စိစစ်လျက်ရှိပါသည်။ ထို့အပြင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဥပဒေ ၉ ခုကို ၃၁-၁-၂၀၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏ လမ်းညွှန်ချက်

ဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ လွှဲပြောင်းလက်ခံခဲ့ပါသည်။ ထို့ကြောင့် ကော်မတီသည် စုစုပေါင်းဥပဒေ ၂၄ ခုအား စစ်ဆေးလျက်ရှိပါသည်။

## ရှေ့လုပ်ငန်းစဉ်နှင့် အကြံပြုသုံးသပ်ချက်များ

ကော်မတီသည် ပြည်သူများအနက် အဓိကလူတန်းစားနှစ်ရပ်ဖြစ်သည့် တောင်သူလယ်သမားထုနှင့် အလုပ်သမားထုကို ကိုယ်စားပြုသော ကော်မတီဖြစ်သည့်အတွက် တိုင်ကြားစာအများအပြား လက်ခံရရှိလျက်ရှိပါသည်။ ထို့အပြင် လက်ရှိဥပဒေများကိုသုံးသပ်ခြင်းနှင့် အလုပ်သမား၊ လယ်သမား၊ ပြည်တွင်းပြည်ပပညာရှင်များ၊ စိတ်ပါဝင်စားသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အသိပညာဖလှယ်ခြင်း ကိစ္စရပ်များကို လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်၊ ခွင့်ပြုချက်များဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီတွင်လည်း တောင်သူလယ်သမားရေးရာအဖွဲ့နှင့် အလုပ်သမားရေးရာအဖွဲ့ဟူ၍ အဖွဲ့နှစ်ဖွဲ့ ထားရှိပြီး ရေးရာကိစ္စရပ်များအလိုက် အထူးဦးစားပေး၍ ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာများအပေါ် သုံးသပ်ချက်များရေးသည့်အခါ ကော်မတီအဖွဲ့ဝင်များသည် ကိုယ်တိုင်ကွင်းဆင်းစစ်ဆေးနိုင်ခွင့်မရှိသဖြင့် တိုင်ကြားစာများအပေါ် သုံးသပ်ချက်များမှာ အားနည်းချက်၊ ချို့ယွင်းချက်များ ရှိပါသည်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီသည် လယ်ယာမြေပြဿနာများနှင့်စပ်လျဉ်း၍ တိုင်ကြားစာများကို ဖတ်ရှုလေ့လာပြီး သုံးသပ်အကြံပြုချက်များ ရေးသားရသည့်အတွက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအနေဖြင့် ၎င်းမှ ထုတ်ပြန်သည့်မူဝါဒများ၊ လမ်းညွှန်ချက်များ၊ အမိန့်၊ ညွှန်ကြားချက်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ထံသို့လည်းကောင်း၊ သက်ဆိုင်ရာလွှတ်တော်ကော်မတီများသို့လည်းကောင်း အချိန်နှင့်တစ်ပြေးညီ ပေးပို့သင့်ပါကြောင်း အကြံပြုအပ်ပါသည်။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသည် မြို့နယ်နှင့် ခရိုင်အဆင့်ကော်မတီများတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကို ဖြေရှင်းဆောင်ရွက်ရာ၌ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ကော်မတီဝင်များသည် ထည့်သွင်းဖွဲ့စည်းရာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးပါဝင်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိနေသကဲ့သို့ ထည့်သွင်းဖွဲ့စည်းခြင်းမရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တွေ့ရှိရပါသည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ကော်မတီဝင်များနေရာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးဖြင့် တစ်ပြေးညီထည့်သွင်းဖွဲ့စည်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

## နိဂုံး

ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဝင်များ အနေဖြင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တွင် ကော်မတီစတင်ဖွဲ့စည်းချိန်မှစ၍ ကော်မတီသက်တမ်း နှစ်နှစ်အတွင်း ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ အမြော်အမြင်ရှိမှု၊ သည်းခံစိတ်ရှိမှု၊ စာနာမှုများဖြင့် ပြည်သူတို့၏အကျိုးစီးပွားရှိစေမည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါတယ်။

**မူကြမ်း**

ကော်မတီဝင်များဟာ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ တောင်သူလယ်သမားထုနှင့် အလုပ်သမားထုတို့၏အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်သည့် ဥပဒေများရေးဆွဲနိုင်ရေး၊ ပြင်ဆင်နိုင်ရေးတို့အား ဆောင်ရွက်ခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းတို့ဖြင့် တောင်သူလယ်သမားနှင့် အလုပ်သမားများတို့၏အကျိုးစီးပွားကို လွှတ်တော်မှ တစ်ဆင့် အစွမ်းကုန်ဆောင်ရွက်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

## တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက် ဒုတိယနှစ်ပတ်လည်အစီရင်ခံစာ

## (၁၇-၂-၂၀၁၇ ရက်နေ့ မှ ၁၆-၂-၂၀၁၈ ရက်နေ့ အထိ)

### နိဒါန်း

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ လ(၁)ရက်နေ့တွင် အစည်းအဝေးစတင်ခေါ်ယူခဲ့ပြီး တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ် ရေးရာကော်မတီကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမမြောက်နေ့ ၁၇-၂-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၂၁/၂၀၁၆အရ ဥက္ကဋ္ဌအပါအဝင် ကော်မတီဝင်(၁၅)ဦး ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ထိုသို့ ဖွဲ့စည်းခဲ့ပြီးနောက် ကော်မတီအမည်ကို ဒုတိယအကြိမ် ပြည်သူ့ လွှတ်တော် ၇-၃-၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၆ ဖြင့် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဟု ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။ ယခုအခါ ကော်မတီလုပ်ငန်းများကို ကော်မတီဝင်(၁၈)ဦး၊ လေ့လာသူတပ်မတော်သား ကိုယ်စားလှယ်(၂)ဦး၊ စုစုပေါင်း (၂၀)ဦးတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

### ရည်ရွယ်ချက်

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီကို သက်တမ်းတိုးမြှင့်ဖွဲ့စည်းသည့် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှစ၍ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့အထိ ကော်မတီ၏လွှတ်တော်တွင်း၊ လွှတ်တော်ပြင်ပ လုပ်ငန်းဆောင်ရွက်ချက်များကိုသိရှိနိုင်ရန် ရည်ရွယ်၍ ပြုစုတင်ပြခြင်းဖြစ်ပါသည်။

### ဖွဲ့စည်းခြင်း

၃။ ပြည်သူ့လွှတ်တော်သည် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီကို ကော်မတီဥက္ကဋ္ဌအပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၈)ဦး၊ လေ့လာသူတပ်မတော်သား ကိုယ်စားလှယ်(၂)ဦး၊ စုစုပေါင်း(၂၀)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်-

**မူကြမ်း**

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
| --- | --- | --- | --- |
| (က) | ဦးကျော်မြင့် | တိုက်ကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးစောတင်ဝင်း | ကြာအင်းဆိပ်ကြီး | အဖွဲ့ဝင် |
| (ဂ) | ဦးဇော်မင်းသိန်း | လေးမျက်နှာ | အဖွဲ့ဝင် |
| (ဃ) | ဦးလဂန်ဇယ်ဂျုံး | ဝိုင်းမော် | အဖွဲ့ဝင် |
| (င) | ဦးရွှေလှကြိုင် | ကန်ကြီးထောင့် | အဖွဲ့ဝင် |
| (စ) | ဦးကျော်မျိုးမင်း | မိုးညို | အဖွဲ့ဝင် |
| (ဆ) | ဦးမြတ်လေးဦး | ထီးလင်း | အဖွဲ့ဝင် |
| (ဇ) | ဦးထွန်းထွန်းနိုင် | ကနီ | အဖွဲ့ဝင် |
| (ဈ) | ဦးဇော်မင်းလွင် | မတ္တရာ | အဖွဲ့ဝင် |
| (ည) | ဦးအောင်မြင့်ရှိန် | မဘိမ်း | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းဘသိန်း | လင်းခေး | အဖွဲ့ဝင် |
| (ဌ) | ဒေါ်နီနီမေမြင့် | တောင်ကုတ် | အဖွဲ့ဝင် |
| (ဍ) | ဦးဖေသန်း | မြေပုံ | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးချုပ်အောင်သီဟ | တပ်မတော်သား | အဖွဲ့ဝင် |
| (ဏ) | ဦးမြင့်သိန်း | ဝက်လက် | အဖွဲ့ဝင် |
| (တ) | ဦးစိုင်းထွန်းအောင် | မိုင်းယောင်း | အဖွဲ့ဝင် |
| (ထ) | နိုင်သောင်းညွန့် | မော်လမြိုင် | အဖွဲ့ဝင် |
| (ဒ) | ဦးသိန်းထွန်း | ကျောင်းကုန်း | အတွင်းရေးမှူး |
| (ဓ) | ဒုတိယဗိုလ်မှူးကြီးသိမ်းထွဋ် | တပ်မတော်သား | လေ့လာသူ |
| (န) | ဒုတိယဗိုလ်မှူးကြီးမျိုးခိုင် | တပ်မတော်သား | လေ့လာသူ |

၄။ ကော်မတီတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)မှ(၁၄)ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ(၁)ဦး၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ(၁)ဦး၊ ရခိုင်အမျိုးသားပါတီမှ (၁)ဦးနှင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁)ဦးတို့ ပါဝင်ပါသည်။

**ကော်မတီသက်တမ်း**

၅။ ကော်မတီသည် ၂၀၁၂ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဇ)အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**မူကြမ်း**

၆။ ကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်ပါ သည်။ သို့ရာတွင် ကော်မတီ၏လုပ်ငန်းတာဝန်ဆောင်ရွက်ရမှုအခြေအနေအရ ထပ်မံ သက်တမ်းတိုးမြှင့်ရန် လိုအပ်သည့်အတွက် လွှတ်တော်မှ ထပ်မံသက်တမ်းတိုးမြှင့်ပေး ထားပါသည်။

၇။ သို့ဖြစ်ပါ၍ ကော်မတီ၏ သက်တမ်းသည် ၁၆-၂-၂၀၁၈ ရက်နေ့တွင် (၂)နှစ် ပြည့်မြောက်ပြီးဖြစ်သည့်အတွက် ပြည်သူ့လွှတ်တော်၏ ၂၀-၂-၂၀၁၈ ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ် (၁၂/၂၀၁၈)အရ ကော်မတီကို ၁၇-၂-၂၀၁၈ မှ ၁၆-၂-၂၀၁၉ အထိ နောက်ထပ် သက်တမ်းတစ်နှစ် တိုးမြှင့်သတ်မှတ်ထားပါသည်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၈။ ကော်မတီဝင်များသည် လွှတ်တော်က ချမှတ်ပြဋ္ဌာန်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ ပေါင်းစပ်ကာ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ထဲထဲ ဝင်ဝင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ အစီရင်ခံသည့်ကာလအတွင်း ကော်မတီအစည်းအဝေး စုစုပေါင်း(၂၉)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက် (၄၀)ခု ချမှတ်နိုင်ခဲ့ပါသည်။

၉။ ကော်မတီလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် ကော်မတီ ဥက္ကဋ္ဌသည် ကော်မတီဝင်များအား တောင်သူလယ်သမားကဏ္ဍနှင့် အလုပ်သမားကဏ္ဍဟူ၍ တာဝန်ခွဲဝေသတ်မှတ်ပေးခဲ့ပါသည်။ ယင်းကဏ္ဍများကို ကော်မတီဥက္ကဋ္ဌကဦးဆောင်၍ တောင်သူ လယ်သမားကဏ္ဍတွင် ကော်မတီဝင်(၁၀)ဦးနှင့် အလုပ်သမားကဏ္ဍတွင် ကော်မတီဝင်(၉)ဦးတို့ဖြင့် ကော်မတီလုပ်ငန်းများကိုကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

၁၀။ ဥပဒေရေးရာကိစ္စများအပေါ် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကော်မတီဝင်များအနေဖြင့် ကော်မတီမှစိစစ်ရမည့်ဥပဒေများတွင် မပါဝင်သော်လည်း လုပ်ငန်းသဘောအရ ဆက်စပ်လျက် ရှိသည့် တောင်သူလယ်သမားများနှင့် သက်ဆိုင်သောဥပဒေများကို သက်ဆိုင်ရာကော်မတီများနှင့် ပေါင်းစပ်၍ ဆွေးနွေးဆောင်ရွက်ခဲ့ကြပါသည်။ ယင်းဥပဒေများမှာ -

(က) ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊

(ဂ) တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့် တင်ရေးဥပဒေ၊

(ဃ) မြေသိမ်းဥပဒေ၊

(င) သစ်တောဥပဒေ၊

(စ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဥပဒေ တို့ဖြစ်ပါသည်။

၁၁။ ကော်မတီသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ အသစ်ရေးဆွဲလျက်ရှိသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေနှင့် ပြင်ဆင်ရေးဆွဲလျက်ရှိသော အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေတို့ကို ဥပဒေကြမ်းကော်မတီနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါ သည်။

## တိုင်ကြားစာများနှင့် စပ်လျဉ်းသည့်ဆောင်ရွက်ချက်များ

၁၂။ ကော်မတီဖွဲ့စည်းပြီးသည့်အချိန်မှစတင်၍ နိုင်ငံတစ်ဝှမ်းလုံးရှိ လယ်ယာမြေသိမ်းဆည်းခံရသော တောင်သူလယ်သမားများနှင့်စပ်လျဉ်းသည့် တိုင်ကြားစာများ၊ အလုပ်သမားရေးရာကိစ္စများနှင့် စပ်လျဉ်းသည့်တိုင်ကြားစာများ၊ အခြားမြေကိစ္စများနှင့်စပ်လျဉ်းသည့် တိုင်ကြားစာများ ကော်မတီသို့ ရောက်ရှိလာပါသည်။ ကော်မတီဖွဲ့စည်းပြီးချိန်မှစတင်၍ ၁၆-၂-၂၀၁၈ ရက်နေ့အထိ ကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာများမှာ တောင်သူလယ်သမားများ၏ တိုင်ကြားစာ(၆၇၀၄)စောင်၊ အလုပ်သမားများ၏ တိုင်ကြားစာ(၁၀၂)စောင်၊ ကော်မတီလုပ်ပိုင်ခွင့်နှင့် မသက်ဆိုင်သော ထူးခြားသည့် တိုင်ကြားစာ(၅၃)စောင် စုစုပေါင်းတိုင်ကြားစာ(၆၈၅၉)စောင် ရောက်ရှိခဲ့ပါသည်။ လက်ရှိအချိန်ထိ တိုင်ကြားစာ/တင်ပြစာများမှာထပ်မံရောက်ရှိလျက်ရှိပါသည်။

၁၃။ ကော်မတီအနေဖြင့် အဆိုပါတိုင်ကြားစာများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြပြီးလမ်းညွှန်မှုခံယူခဲ့ပါသည်။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုများအရ ကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာများကို လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများသို့ အမြန်ဆုံး လွှဲပြောင်းပေးပို့နိုင်ရေးအတွက် ကော်မတီဝင်များက တိုင်ကြားစာများအပေါ် ဖတ်ရှုလေ့လာစိစစ်ပြီး အကြံပြုခြင်းများ၊ မှတ်ချက်ပြုခြင်းများကို ဆောင်ရွက်ခဲ့ကြပါသည်။

၁၄။ ကော်မတီသို့ရောက်ရှိလာသော တိုင်ကြားစာများအား ကော်မတီဝင်များ၏ အကြံပြုမှတ်ချက်များဖြင့် တိုင်ကြားစာများနှင့်သက်ဆိုင်သော လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးပို့ခဲ့ရာ အစီရင်ခံစာကာလအတွင်း ဗဟိုကော်မတီသို့(၂၀၁၀)စောင်၊ တောင်သူလယ်သမား တိုင်ကြားစာများနှင့် သက်ဆိုင်သောဝန်ကြီးဌာနများသို့ (၃၁)စောင်နှင့် အလုပ်သမားစပ်လျဉ်းသည့် တိုင်ကြားစာများ အနက်မှအလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့(၂၅)စောင်၊ စုစုပေါင်း တိုင်ကြားစာ(၂၀၆၆)စောင်ကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးနှင့် ဆောင်ရွက်ပြီးစီးမှုအား ပြန်ကြားပေးနိုင်ပါရန် လွှဲပြောင်းပေးပို့ခဲ့ပါသည်။

၁၅။ ကော်မတီနှင့်မသက်ဆိုင်သော တိုင်ကြားစာ(၅၂)စောင်နှင့်ဆက်လက်ဆောင် ရွက်ရန်မလိုအပ်သော တိုင်ကြားစာ(၁၂၃၅)စောင်အား ကော်မတီဝင်များ၏မှတ်ချက်ဖြင့် ကော်မတီတွင် ဖိုင်တွဲအဖြစ်ထားရှိခဲ့ပါသည်။

၁၆။ ကော်မတီသို့ရောက်ရှိလာသော အလုပ်သမားတိုင်ကြားစာများတွင် အသက်မပြည့်ဘဲ တပ်မတော်သို့ဝင်ရောက်ခဲ့သော တပ်မတော်သားများသည် တပ်မတော်မှ တရားဝင်နုတ်ထွက်ခွင့်ရရှိ

နိုင်ရေးအတွက် တင်ပြတိုင်ကြားလာသော တိုင်ကြားစာများအပေါ်တွင် ကော်မတီအနေဖြင့် မှတ်ချက်ပြု၍ သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာနသို့ စိစစ်ဖြေရှင်း ဆောင်ရွက်နိုင်ရေး ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။

**အားသာချက်၊ အားနည်းချက်များ**

၁၇။ တိုင်ကြားစာများကိုဖတ်ရှုရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖတ်ရှုလေ့လာပြီး တွေ့ရှိချက်များကို ကော်မတီအစည်းအဝေးတွင် ပြန်လည်ဆွေးနွေးခြင်းဖြင့် တစ်နိုင်ငံလုံးရှိ လယ်ယာမြေကိစ္စ၊ တောင်သူလယ်သမားကိစ္စနှင့် အလုပ်သမားပြဿနာများကို ကော်မတီဝင်များ ပိုမိုကျယ်ပြန့်စွာသိရှိကြရပါသည်။ သို့ရာတွင် တိုင်ကြားစာအပေါ် ကိုယ်တိုင်ကွင်းဆင်းဆောင်ရွက်မှုမပြုနိုင်သဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ်၏ လွှတ်တော်ကိုယ်စားလှယ်များကိုမေးမြန်းရာတွင် အချို့ကိုယ်စားလှယ်များသည် မြေသိမ်းကိစ္စများအပေါ် စိတ်ပါဝင်စားမှုအားနည်းခြင်း၊ ၎င်းတို့ကိုယ်တိုင် မိမိမြို့နယ်တွင် ပါဝင်ဆောင်ရွက်မှုမရှိခြင်း၊ မြေသိမ်းကိစ္စများအတွက် ချမှတ်ထားသည့် မူဝါဒများနှင့်လမ်းညွှန်ချက်များကို မသိရှိခြင်းတို့ကြောင့် ကော်မတီ၏စုံစမ်းမေးမြန်းမှုကို ကူညီဆောင်ရွက်ပေးနိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

၁၈။ တိုင်ကြားစာများအပေါ် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တိုင်ကြားစာများ များပြားခြင်း၊ တိုင်ကြားစာတွင် မိတ္တူပေးခြင်း၊ ထပ်ခါတလဲလဲတိုင်ကြားခြင်း၊ လယ်ယာမြေသိမ်းဆည်းမှုနှင့် မသက်ဆိုင်ဘဲ လယ်ယာမြေအငြင်းပွားမှုများ၊ လယ်ပြန်ငွေပြန်ကိစ္စရပ်များ ရောထွေးနေမှုကြောင့် တိုင်ကြားစာအရ မှတ်ချက်ပြုရာတွင် နှောင့်နှေးကြန့်ကြာခြင်း၊ မှန်ကန်မှုအားနည်းခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။

၁၉။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးဗဟို ကော်မတီသို့ ပေးပို့ခဲ့ပြီးသော တိုင်ကြားစာများအား ဆက်လက်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအရေအတွက်၊ ဆောင်ရွက်ဆဲအရေအတွက်နှင့် ဆောင်ရွက်ရန် ကျန်အရေအတွက်များအား အဆိုပါဗဟိုကော်မတီမှ မိမိတို့ကော်မတီသို့ ပြန်လည်အကြောင်းကြားမှု အလွန်နည်းပါးခြင်းများကြောင့် ကော်မတီ၏တိုင်ကြားစာများ အပေါ် ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်မှုမှာ အားနည်းလျက်ရှိပါသည်။

၂၀။ ဘတ်ဂျက်ကိစ္စများစိစစ်ခြင်းနှင့်စပ်လျဉ်း၍ စိစစ်ရေးပူးပေါင်းကော်မတီများ ဖွဲ့စည်းရာတွင် ကော်မတီဝင်များအားလုံးပါဝင်နိုင်ရေး သို့မဟုတ် အလှည့်ကျပါဝင်နိုင်ရေးကို ဆောင်ရွက်စေခြင်းဖြင့် ကော်မတီဝင်များအားလုံး ဘတ်ဂျက်အတွေ့အကြုံကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

**လွှတ်တော်အတွင်း ဆောင်ရွက်ချက်များ**

၂၁။ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ၂၀၁၇ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် (၁)ကြိမ်၊ ၂၀၁၇ ခုနှစ်၊အောက်တိုဘာလ ၂၃ရက်နေ့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် (၁)ကြိမ်၊ ၂၀၁၈ ခုနှစ် ဧပြီလမှ

စက်တင်ဘာလအထိ(၆)လ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင်ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့ နှင့် ၂၅ ရက်နေ့များတွင် ညှိနှိုင်းအစည်းအဝေး စုစုပေါင်း(၄)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

၂၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေး အထိ ကော်မတီဝင်များ၏ အဆိုတင်သွင်းခြင်း၊ ထောက်ခံဆွေးနွေးခြင်းများနှင့် မေးခွန်းမေးမြန်းခြင်း ဆောင်ရွက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အမည် | အဆို | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | ဆွေးနွေး |
|---|---|---|---|---|---|
| ၁ | ဦးကျော်မြင့် | - | ၁ | - | ၁ |
| ၂ | ဦးစောတင်ဝင်း | - | ၂ | - | ၂ |
| ၃ | ဦးဇော်မင်းသိန်း | - | ၁ | ၁ | - |
| ၄ | ဦးလဂန်ဇယ်ဂျူး | - | - | ၂၃ | - |
| ၅ | ဦးရွှေလှကြိုင် | - | - | ၁ | - |
| ၆ | ဦးကျော်မျိုးမင်း | - | - | - | ၂ |
| ၇ | ဦးမြတ်လေးဦး | - | - | ၂၀ | ၂ |
| ၈ | ဦးထွန်းထွန်းနိုင် | ၁ | ၃ | ၁၈ | ၂ |
| ၉ | ဦးဇော်မင်းလွင် | - | - | ၂ | ၁ |
| ၁၀ | ဦးအောင်မြင့်ရှိန် | - | ၁ | ၃ | - |
| ၁၁ | ဦးစိုင်းဘသိန်း | - | ၂ | ၃ | - |
| ၁၂ | ဒေါ်နီနီမေမြင့် | - | ၃ | ၄ | ၅ |
| ၁၃ | ဦးဖေသန်း | - | ၁၉ | ၃၅ | ၈ |
| ၁၄ | ဗိုလ်မှူးချုပ်အောင်သီဟ | - | - | - | - |

**မူကြမ်း**

| စဉ် | အမည် | အဆို | ကြယ်ပွင့်ပြ | ကြယ်ပွင့်မပြ | ဆွေးနွေး |
|---|---|---|---|---|---|
| ၁၅ | ဦးမြင့်သိန်း | ၁ | ၃ | ၃၄ | ၆ |
| ၁၆ | ဦးစိုင်းထွန်းအောင် | - | - | - | - |
| ၁၇ | ဦးနိုင်သောင်းညွန့် | - | - | ၁ | - |
| ၁၈ | ဦးသိန်းထွန်း | ၁ | ၄ | - | ၆ |
| ၁၉ | ဒုတိယဗိုလ်မှူးကြီးသိမ်းထွဋ် | - | - | - | - |
| ၂၀ | ဒုတိယဗိုလ်မှူးကြီးမျိုးခိုင် | - | - | - | - |

**အလုပ်ရုံဆွေးနွေးပွဲများ**

၂၃။ ကော်မတီလုပ်ငန်းဆောင်ရွက်ချက် ဒုတိယနှစ်ပတ်လည် အစီရင်ခံစာကာလအတွင်း ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ တောင်သူလယ်သမားများ၊ အလုပ်သမားများနှင့်သက်ဆိုင်သော လွှတ်တော်ပြင်ပအလုပ်ရုံဆွေးနွေးပွဲ(၄၃)ကြိမ်၊ လွှတ်တော်ပြင်ပ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁၀)ကြိမ်၊ ကော်မတီသို့ဖိတ်ကြားလာသော အခမ်းအနား(၈)ကြိမ် တက်ရောက်ခဲ့ပါသဖြင့် ကော်မတီ၏ ဒုတိယနှစ်ပတ်လည်အစီရင်ခံစာကာလအတွင်း လွှတ်တော် ပြင်ပတွင် စုစုပေါင်း(၅၃)ကြိမ်တက်ရောက်ခဲ့ပါသည်။

**ပြင်ပအဖွဲ့အစည်းများတွင်ပါဝင်ဆောင်ရွက်ခြင်း**

၂၄။ ကော်မတီဝင်များအနေဖြင့် ပြည်သူ့လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်(တိုက်ကြီးမဲဆန္ဒနယ်)သည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုး စီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၂၁ တို့အရ ဖွဲ့စည်းခဲ့သော တောင်သူ လယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့တွင် အဖွဲ့ဝင် အဖြစ်လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဦးစောတင်ဝင်း(ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်)သည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာနမှ ဖွဲ့စည်းသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တွင် အဖွဲ့ဝင် အဖြစ်လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဦးဇော်မင်းသိန်း(လေးမျက်နှာမဲဆန္ဒနယ်)သည် ဧရာဝတီတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ ၆-၃-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၅၀၀/၅-၁၉(၇၈၁)/အစိုးရ(ဧရာဝတီ)ဖြင့် ပြင်ဆင်ဖွဲ့စည်းသည့် ဧရာဝတီတိုင်းဒေသကြီး၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီတွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

**မူကြမ်း**

**ကော်မတီဝင်များ၏ ပြည်ပခရီးစဉ်များ**

၂၅။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏တာဝန်ပေးချက်အရ ပြည်ပခရီးစဉ်များအဖြစ် ကော်မတီအဖွဲ့ဝင်များဖြစ်သော ဦးလဂန်ဇယ်ဂျူး(ဝိုင်းမော်မဲဆန္ဒနယ်)နှင့် ဗိုလ်မှူးချုပ်အောင်သီဟ (တပ်မတော်သားကိုယ်စားလှယ်)တို့သည် အိန္ဒိယနိုင်ငံ၊ Bureau of Parliamentary Studies & Training (BPST) တွင် ၃၁-၇-၂၀၁၈ မှ ၁၁-၈-၂၀၁၈ ထိ ကျင်းပပြုလုပ်သည့် Study Tour သို့လည်းကောင်း၊ ကော်မတီဝင် ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)၊ ဦးဖေသန်း (မြေပုံမဲဆန္ဒနယ်)နှင့် ဒေါ်နီနီမေမြင့် (တောင်ကုတ်မဲဆန္ဒနယ်) တို့သည် ၂၇-၁၁-၂၀၁၇ ရက်နေ့တွင် ဂျပန်နိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော တတိယအကြိမ်မြောက်စက်မှုလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှီးနှော ဖလှယ်ပွဲသို့လည်းကောင်း တက်ရောက်ခဲ့ပြီး ကော်မတီအနေဖြင့် နိုင်ငံခြားခရီးစဉ်(၂)ကြိမ် သွားရောက်ခဲ့ပါသည်။

**ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများ**

၂၆။ ကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အာရှဒေသ ပတ်ဝန်းကျင် ကောင်းမွန်ရေးနည်းပညာပြန့်ပွားမှုအဖွဲ့(NPO)နှင့် လက်ခံတွေ့ဆုံမှု(၃)ကြိမ်၊ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်ဒီစီအခြေစိုက် NAMATI ၏Country Director ဦးဆောင်သောအဖွဲ့နှင့် လက်ခံတွေ့ဆုံမှု (၂)ကြိမ်၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့မှ Executive Director ဦးဆောင်သော HRDP အဖွဲ့နှင့်တွေ့ဆုံမှု(၁)ကြိမ်၊ မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့(ဧရာဝတီ) (MATA- Ayeyarwaddy)အဖွဲ့နှင့် တွေ့ဆုံမှု(၁)ကြိမ်၊ မြန်မာနိုင်ငံ တောင်သူလယ်သမား၊ စိုက်ပျိုးရေးအလုပ်သမားနှင့် စားသောက်ကုန်ထုတ်လုပ်ငန်း ပေါင်းစုံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM-IUF)နှင့် တွေ့ဆုံမှု(၂)ကြိမ် ၊ ကရင်ပြည်နယ်အခြေစိုက် ၈၈ ကရင်မျိုးဆက်ကျောင်းသားများ၏ လူမှုဖွံ့ဖြိုးရေးအသင်းနှင့် တွေ့ဆုံမှု(၁)ကြိမ် တွေ့ဆုံဆောင်ရွက် ခဲ့သဖြင့် ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုစုစုပေါင်း(၁၀)ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်။

**ကော်မတီအစည်းအဝေးကျင်းပမှုများ**

၂၇။ ကော်မတီသည် လွှတ်တော်ကသတ်မှတ်ပေးထားသော ကော်မတီ၏ တာဝန်ဝတ္တရားများနှင့် အညီ တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ အခက်အခဲများနှင့် နစ်နာမှုများကို ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန်နှင့် ကော်မတီ၏ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးရန်အတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၉)ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

**ဥပဒေပြုခြင်း**

၂၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သက်တမ်းအတွင်း ကော်မတီအနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စည်းကြပ်သော အလုပ်သမားရေးရာ ဥပဒေ စုစုပေါင်း(၁၅)ခုကို စိစစ်လျက်ရှိပါသည်။ ထို့အပြင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား

ဝန်ကြီးဌာနမှ ဥပဒေ(၉)ခုကို ၃၁-၁-၂၀၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏ လမ်းညွှန်ချက်ဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီမှ လွှဲပြောင်းလက်ခံခဲ့ပါသည်။ ထို့ကြောင့် ကော်မတီသည် စုစုပေါင်းဥပဒေ(၂၄)ခုအား စိစစ်လျက်ရှိပါသည်။

၂၉။ ကော်မတီမှစိစစ်ရမည့် အလုပ်သမားနှင့် သက်ဆိုင်သည့်ဥပဒေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အလုပ်သမားအဖွဲ့အစည်းဥပဒေ
(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇/၂၀၁၁)

(ခ) အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ
(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅/၂၀၁၂)

(ဂ) ၂၀၁၂ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ
(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅/၂၀၁၂)

(ဃ) ၂၀၁၃ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေ
(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇/၂၀၁၃)

(င) အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ
(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉/၂၀၁၃)

(စ) ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ
(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀/၂၀၁၄)

(ဆ) ၁၉၅၁ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ
(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂/၂၀၁၆)

(ဇ) ၂၀၁၆ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ
(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇/၂၀၁၆)

(ဈ) ၂၀၁၆ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ
(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈/၂၀၁၆)

(ည) ၁၉၄၈ခုနှစ်၊ အလုပ်အကိုင်ဆိုင်ရာ စာရင်းစစ်တမ်းကောက်ယူခြင်း အက်ဥပဒေ

(ဋ) ၁၉၅၁ခုနှစ်၊ ရေနံမြေ (အလုပ်သမားနှင့် သက်သာချောင်ချိရေး) အက်ဥပဒေ

(ဌ) ၁၉၅၉ခုနှစ်၊ အလုပ်ခန့်ထားမှု ကန့်သတ်ရေးအက်ဥပဒေ

(ဍ) ၁၉၂၃ခုနှစ်၊ အလုပ်သမားလျော်ကြေး အက်ဥပဒေ

**မူကြမ်း**

(ပ) ၁၉၉၉ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ

(ဖ) ၁၉၃၄ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမား အက်ဥပဒေ

၃၀။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား နှင့်သက်ဆိုင်သည့် ဥပဒေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) The Foreigners Act (India Act 3, 1864, Vol .I)

(ခ) The Registration of Foreigners Act (Myanmar Act 7, 1940, Vol.I)

(ဂ) The Foreigners (Extension) Act (Act II, 1947, Vol.XIII)

(ဃ) The Registration of Foreigners (Extension) Act (Act 20, 1949, Vol.XIII)

(င) The Myanmar Immigration (Emergency Provisions) Act (Myanmar Act 31, 1947, Vol.I)

(စ) The Myanmar Immigration (Emergency Provisions) (Extension) Act (Act 25, 1949, Vol. XIII)

(ဆ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေ (ဥပဒေအမှတ် ၄၁၊ ၁၉၄၉ ခုနှစ်၊ အတွဲ-၁)

(ဇ) မြန်မာနိုင်ငံသား ဥပဒေ (ဥပဒေအမှတ် ၄၊ ၁၉၈၂ ခုနှစ်)

(ဈ) လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉/၂၀၁၃)

**ရှေ့လုပ်ငန်းစဉ် နှင့် အကြံပြုသုံးသပ်ချက်များ**

၃၁။ ကော်မတီသည် ပြည်သူများအနက် အဓိကလူတန်းစားနှစ်ရပ်ဖြစ်သည့် တောင်သူလယ်သမားထုနှင့် အလုပ်သမားထုကို ကိုယ်စားပြုထားသော ကော်မတီဖြစ်သည့်အတွက် တိုင်ကြားစာ အများအပြား လက်ခံရရှိလျက်ရှိပါသည်။ ထို့အပြင် လက်ရှိဥပဒေများကို သုံးသပ်ခြင်းနှင့် အလုပ်သမား၊ လယ်သမား၊ ပြည်တွင်း/ပြည်ပပညာရှင်များ၊ စိတ်ပါဝင်စားသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ အသိပညာ ဖလှယ်ခြင်းကိစ္စရပ်များကို လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်၊ ခွင့်ပြုချက်များဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကော်မတီတွင်လည်း တောင်သူလယ်သမားရေးရာအဖွဲ့နှင့် အလုပ်သမားရေးရာ အဖွဲ့ဟူ၍ အဖွဲ့နှစ်ဖွဲ့ခွဲပြီး ရေးရာကဏ္ဍများအလိုက်အထူးဦးစားပေး၍ ဆောင်ရွက်လျက် ရှိပါသည်။ ကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာများအပေါ် သုံးသပ်ချက်များ ရေးသားသည့်အခါ ကော်မတီအဖွဲ့ဝင်များသည် ကိုယ်တိုင်ကွင်းဆင်းစစ်ဆေးနိုင်ခွင့် မရှိသဖြင့် တိုင်ကြားစာများအပေါ် သုံးသပ်ချက်များမှာ အားနည်းချက်၊ ချို့ယွင်းချက်များ ရှိနိုင်ပါသည်။

၃၂။ မြေသိမ်းဆည်းမှုပြဿနာများ စိစစ်ခြင်းသည် ကော်မတီဝင်များသာမက ကိုယ်စားလှယ်များအားလုံးတွင် တာဝန်ရှိသော်လည်း အချို့ကိုယ်စားလှယ်များအနေဖြင့် စိတ်ပါဝင်စားမှုအားနည်းခြင်း၊ ကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များအလိုက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်နိုင်မှုမရှိခြင်းများကြောင့် တိုင်ကြားစာများကိုသာဖတ်ရှုပြီး မှတ်ချက်ပြုရသည့်အတွက် အချို့တိုင်ကြားစာများအပေါ် အယူအဆလွဲမှားမှုများရှိနိုင်သောကြောင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်နိုင်ပါက ပိုမိုထိရောက်အောင်မြင်မည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ပါသည်။ လက်ရှိအနေအထားအရ ကော်မတီအနေဖြင့် သက်ဆိုင်ရာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ခေါ်ပြီး ၎င်းတို့၏အကြံပြုချက်များကို ရယူနိုင်ပါကတိုင်ကြားစာများအပေါ် အကောင်းဆုံး သုံးသပ်ရေးသားသွားနိုင်မည်ဖြစ်ပါသည်။

၃၃။ ကော်မတီသည် လွှတ်တော်ငယ်အသွင် ဆောင်ရွက်ရပါသဖြင့် တောင်သူလယ်သမားနှင့် အလုပ်သမားတို့၏ အကျိုးစီးပွားအတွက် လုပ်ဆောင်ရာတွင် ကော်မတီဝင်တစ်ဦးချင်းစီ၏ စိတ်ပါဝင်စားမှု၊ ကော်မတီလုပ်ငန်းများလုပ်ဆောင်မှု၊ ကော်မတီအပေါ် တာဝန်ယူမှု/တာဝန်ခံမှုများသည် ကော်မတီ၏လုပ်ငန်းတာဝန်များထမ်းဆောင် ရာတွင် အလွန်အရေးပါပါသည်။ ကော်မတီဝင်များတွင် အားနည်းချက်များရှိပါကလည်း စည်းရုံးရေးအသွင်ဖြင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး ကော်မတီ၏ လုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃၄။ ကော်မတီအနေဖြင့် အပတ်စဉ်ပုံမှန်အစည်းအဝေးများ ပြုလုပ်ကျင်းပခြင်း၊ တိုင်ကြားစာများအား ဖတ်ရှုစိစစ်ပြီး သုံးသပ်အကြံပြုချက်များရေးသား၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးအပ်ခြင်း၊ ကော်မတီနှင့်သက်ဆိုင်သည့်ဥပဒေများကို ဖတ်ရှုလေ့လာသုံးသပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ အချို့တိုင်ကြားစာများသည် မြေပြင်ကွင်းဆင်း၍ ဆောင်ရွက်ပါက ပိုမိုမှန်ကန်ထိရောက်နိုင်မည်ဖြစ်ပါသဖြင့် ကော်မတီသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ခွင့်ပြုမည်ဆိုပါက နယ်မြေကွင်းဆင်း၍ စိစစ်ဆောင်ရွက်လျှင် ပိုမိုထိရောက်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

၃၅။ ကော်မတီသည် လယ်ယာမြေပြဿနာများနှင့်စပ်လျဉ်းသည့် တိုင်ကြားစာများကို ဖတ်ရှုလေ့လာပြီး သုံးသပ်အကြံပြုချက်များ ရေးသားရသည့်အတွက် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီအနေဖြင့် ၎င်းမှထုတ်ပြန်သည့်မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အမိန့်ညွှန်ကြားချက်များကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့လည်းကောင်း၊ သက်ဆိုင်ရာ လွှတ်တော်ကော်မတီများသို့လည်းကောင်း၊ အချိန်နှင့်တစ်ပြေးညီ ပေးပို့သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

၃၆။ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသည် မြို့နယ်နှင့် ခရိုင်အဆင့်ကော်မတီများတွင် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကို ဖြေရှင်းဆောင်ရွက်ရာ၌ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားသော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ကော်မတီဝင်များကို ထည့်သွင်းဖွဲ့စည်းရာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၂)ဦးပါဝင်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိသကဲ့သို့ ထည့်သွင်း

ဖွဲ့စည်းထားခြင်းမရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များလည်း တွေ့ရှိရပါသည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်ကော်မတီဝင်များနေရာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၂)ဦးဖြင့် တစ်ပြေးညီ ထည့်သွင်းဖွဲ့စည်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**နိဂုံး**

၃၇။ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီဝင်များအနေဖြင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တွင် ကော်မတီစတင်ဖွဲ့စည်းချိန်မှစ၍ ကော်မတီသက်တမ်း(၂)နှစ် အတွင်း ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ အမြော်အမြင်ရှိမှု၊ သည်းခံစိတ်ရှည်မှု၊ စာနာမှုများဖြင့် ပြည်သူတို့အား အကျိုးစီးပွားရှိစေမည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။

၃၈။ ကော်မတီဝင်များသည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း များနှင့်အညီ တောင်သူလယ်သမားထုနှင့် အလုပ်သမားထုတို့၏ အကျိုးစီးပွားကိုဖော်ဆောင်ပေးနိုင် သည့်ဥပဒေများ ရေးဆွဲနိုင်ရေး၊ ပြင်ဆင်နိုင်ရေးတို့အားဆောင်ရွက်ခြင်း၊ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းတို့ဖြင့် တောင်သူလယ်သမားနှင့် အလုပ်သမားတို့၏ အကျိုးစီးပွားကို လွှတ်တော်မှတစ်ဆင့် အစွမ်းကုန်ဆောင်ရွက်လျက်ရှိပါသည်။

၃၉။ ကော်မတီများသည် လွှတ်တော်ကြီးထဲမှ လွှတ်တော်ငယ်ကလေးများဖြစ်သည့်အတွက် ပြည်သူ့ အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မိမိတို့၏ တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်နိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၉-၁၁-၂၀၁၈ ရက်(ကြာသပတေးနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တင်သွင်းသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအားဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တင်သွင်းသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်

အစည်းအဝေး (၁၆)ရက်မြောက်နေ့ ၇- ၉-၂၀၁၈ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြပြီး ၁၁-၉-၂၀၁၈ ရက်နေ့နောက်ဆုံး ထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ ပြင်ဆင်ချက်အဆို တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှ အစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်အလိုက် အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေးတင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများ အတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲများအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ် အတည်ပြုသွားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် (၁၂၉)ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီရဲ့ အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ကိုယ်စား ကျွန်တော် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။

ဒီဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက် နေ့ဖြစ်တဲ့ ၇-၉-၂၀၁၈ ရက်(သောကြာနေ့)တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၁၁-၉-၂၀၁၈ ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်းကြေညာခဲ့တဲ့အတွက် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်လေးဦးက ဆွေးနွေးရန်နှင့်ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာခြင်း

**မူကြမ်း**

ဖြစ်ပါတယ်။ ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာတဲ့ လွှတ်တော်ကိုယ်စားလှယ်များမှာ လယ်ဝေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦးတို့မှ ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာခဲ့ကြပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှာ ဥပဒေကြမ်းကော်မတီနှင့်အတူ ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၇-၉-၂၀၁၈ ရက်(တနင်္လာနေ့)တွင် ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၁၂၉)ချက်ကန့်လန့်ဖြတ်ဇယားဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၁၂၉)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ | ၁၊ ၅ | ဥပဒေခေါင်းစီး၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ) |
| (ခ) | ၄ မှ ၅ | ၈ | အပိုဒ် ၃ အပိုဒ်ခွဲ(ည) (ဋ) (ဌ) (ဍ) နှင့်(ဎ) |
| (ဂ) | ၆ မှ ၁၃ | ၁၁၊ ၁၃၊ ၁၅၊ ၁၇၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈ | အပိုဒ် ၃ အပိုဒ်ခွဲ(ဓ)၊ အပိုဒ်ခွဲ(န)အပိုဒ်ခွဲငယ်(၂) နှင့် (၃)၊ အပိုဒ်ခွဲ(ဖ) ခြေဆင်းနှင့် အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲ(ဗ) အပိုဒ်ခွဲငယ်(၂)၊ အဆိုပြုပြင်ဌာန်းချက် အပိုဒ်ခွဲ (ဗ) အပိုဒ်ခွဲငယ် (၃) ကို ပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ်ခွဲ(ဘ)အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲ(ဟ) (ဠ) (အ) နှင့် (ကက)၊ အဆိုပြုပြင်ဌာန်းချက် အပိုဒ်ခွဲ(အ-၄) ကိုပယ်ဖျက်ခြင်း၊ |
| (ဃ) | ၁၄ မှ ၁၇ | ၃၃၊ ၃၄၊ ၃၅၊ ၃၇၊ ၃၉၊ ၄၁ | အသစ်ဖြည့်စွက်ချက် အပိုဒ် ၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၂ )နှင့်(၃)၊ အပိုဒ်ခွဲငယ်(၄)၊ အဆိုပြုပြင်ဌာန်းချက် အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၆ ခြေဆင်း၊ အပိုဒ် ၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဈ) |

| | | | |
|---|---|---|---|
| (င) | ၁၇ မှ ၁၉ | ၄၄၊ ၄၅၊ ၄၆၊ ၄၈၊ ၅၁ | အခန်း (၄) ခေါင်းစဉ်၊ အပိုဒ် ၈ အပိုဒ်ခွဲ(က)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၈ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် (၁)နှင့် (၂)၊ အပိုဒ် ၁၀ |
| (စ) | ၂၀ မှ ၂၃ | ၅၃၊ ၅၅၊ ၆၀ | အပိုဒ် ၁၁ ခေါင်းစဉ်၊ အပိုဒ် ၁၂၊ အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ) |
| (ဆ) | ၂၄ မှ ၂၈ | ၆၇၊ ၆၉၊ ၇၃၊ ၇၅၊ ၇၈၊ ၇၉ | အပိုဒ် ၁၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၅ ကိုပယ်ဖျက်ခြင်း |
| (ဇ) | ၂၈ မှ ၃၂ | ၈၂၊ ၈၄၊ ၈၆၊ ၈၈၊ ၈၉၊ ၉၁၊ ၉၄၊ ၉၅ | အပိုဒ် ၂၆၊ အပိုဒ် ၂၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (ဈ) | ၃၅ မှ ၄၄ | ၁၀၄၊ ၁၀၆၊ ၁၁၀၊၁၁၇၊ ၁၁၉၊ ၁၂၃၊ ၁၂၆၊ ၁၃၀၊ ၁၃၂၊ ၁၃၆၊ ၁၃၈၊ ၁၃၉ | အပိုဒ် ၃၉ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၀၊ အပိုဒ် ၄၃၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၆ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အပိုဒ် ၄၇ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၉ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ခြင်း၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅၀ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၅၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၁ အပိုဒ်ခွဲ(က)၊ အပိုဒ် ၅၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅ |
| (ည) | ၄၄ မှ ၄၆ | ၁၄၁၊ ၁၄၂၊ ၁၄၃၊ ၁၄၅၊ ၁၄၇၊ ၁၄၉၊ ၁၅၁၊ ၁၅၂၊ ၁၅၃ | အပိုဒ် ၅၆၊ အပိုဒ် ၅၇ ခေါင်းစဉ်၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၅၇ အပိုဒ်ခွဲ(င)နှင့်(စ)၊ အပိုဒ်ခွဲ (ဇ)၊ အပိုဒ်ခွဲ(ဌ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ (တ)၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉ |
| (ဋ) | ၄၇ မှ ၅၁ | ၁၅၆၊ ၁၅၇၊ ၁၅၈၊ ၁၆၀၊ ၁၆၁၊ ၁၆၃၊ ၁၆၅၊ ၁၆၇၊ ၁၆၉၊ ၁၇၀၊ | အပိုဒ် ၆၀ အပိုဒ်ခွဲ(က)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၁ အပိုဒ်ခွဲ(ခ)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၆၀ အပိုဒ်ခွဲ(ခ)နှင့် (ဂ)၊ အပိုဒ် ၆၁ ခေါင်းစဉ်၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၂ အပိုဒ်ခွဲ(က)ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၆၁ အပိုဒ်ခွဲ(ခ) (ဂ) နှင့် (ဃ)၊ အပိုဒ် ၆၂ အပိုဒ်ခွဲ(က)နှင့် (ခ)၊ အပိုဒ်ခွဲ (ဃ)၊ အပိုဒ်ခွဲ(စ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၆၃ အပိုဒ် ၆၄ |

မူကြမ်း

| | | | |
|---|---|---|---|
| | | | နှင့် အပိုဒ် ၆၅ |
| (ဠ) | ၅၂ မှ ၅၄ | ၁၇၂၊ ၁၇၃၊ ၁၇၆၊ ၁၇၈၊ ၁၇၉၊ ၁၈၀ | အပိုဒ် ၆၆၊ အပိုဒ် ၆၇၊ အပိုဒ် ၆၈ အပိုဒ်ခွဲ(ဂ)နှင့် (ဃ)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၆၉၊ အပိုဒ် ၇၀ |
| (ဍ) | ၅၅ မှ ၆၀ | ၁၈၂၊ ၁၈၄၊ ၁၈၆၊ ၁၈၇၊ ၁၈၉၊ ၁၉၁၊ ၁၉၂၊ ၁၉၄၊ ၁၉၆၊ ၁၉၈ | အပိုဒ် ၇၁ ခြေဆင်း၊ အပိုဒ် ၇၁ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၆)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇၂ ခြေဆင်း၊ အပိုဒ် ၇၂ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၇၄၊ အပိုဒ် ၇၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)နှင့် (၂)၊ အပိုဒ်ခွဲငယ်(၆)နှင့် (၇)၊ အပိုဒ်ခွဲငယ်(၉)၊ အပိုဒ် ၇၆ |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (ဎ) | ၆၀ မှ ၇၃ | ၂၀၁၊ ၂၀၄၊ ၂၀၆၊ ၂၀၈၊ ၂၁၀၊ ၂၁၄၊ ၂၁၆၊ ၂၁၈၊ ၂၂၁၊ ၂၂၆၊ ၂၂၈၊ ၂၃၀၊ ၂၃၂၊ ၂၃၃၊ ၂၃၅၊ ၂၃၇ | အပိုဒ် ၇၇ အပိုဒ်ခွဲ(ခ)၊အပိုဒ် ၇၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၈၀ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)နှင့်(ဂ)၊ အဆိုပြု ပြဋ္ဌာန်းချက် အပိုဒ် ၈၀ အပိုဒ်ခွဲ(က)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၈၂ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ (ဇ)၊ အပိုဒ် ၈၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၈၇ အပိုဒ်ခွဲ(က)(ခ)နှင့် (ဂ)ခြေဆင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၈၇ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၈၈ ခြေဆင်း၊ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၈၉ အပိုဒ်ခွဲ(က)နှင့်(ခ) ခြေဆင်း၊ အပိုဒ် ၉၀ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဃ) |
| (ဏ) | ၇၅ မှ ၈၀ | ၂၄၁၊ ၂၄၄၊ ၂၄၆၊ ၂၄၈၊ ၂၅၀၊ ၂၅၂၊ ၂၅၃၊ ၂၅၅ | အပိုဒ် ၉၂ အပိုဒ်ခွဲ(စ)၊ အပိုဒ် ၉၃ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)နှင့် (ဂ)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ် ၉၄ အပိုဒ်ခွဲ(င)၊ အပိုဒ် ၉၅၊ အပိုဒ် ၉၆ ခြေဆင်းနှင့် အပိုဒ်ခွဲ (က) |
| (တ) | ၈၁ မှ ၉၀ | ၂၅၉၊ ၂၆၂၊ ၂၆၃၊ ၂၆၅၊ ၂၆၇၊ ၂၆၈၊ ၂၆၉၊ ၂၇၀၊ ၂၇၁၊ ၂၇၂၊ ၂၇၃၊ ၂၇၄၊ | အပိုဒ် ၉၈ အပိုဒ်ခွဲ(က)၊ အပိုဒ် ၉၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၃)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲငယ် (၄)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၀၀၊ အပိုဒ် ၁၀၁၊ အပိုဒ် ၁၀၂၊ အပိုဒ် ၁၀၃၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၀၄၊ အပိုဒ် ၁၀၅၊ အပိုဒ် ၁၀၆၊ အဆိုပြု ပြဋ္ဌာန်းချက် အပိုဒ် ၁၀၄ ကိုပယ်ဖျက်ခြင်း |
| (ထ) | ၉၂ မှ | ၂၈၁၊ ၂၈၂၊ ၂၈၅၊ ၂၈၈၊ ၂၈၉၊ ၂၉၁ | အပိုဒ် ၁၁၁၊ အပိုဒ် ၁၁၂၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၁၄၊ အပိုဒ် ၁၁၇၊ အပိုဒ် ၁၁၈၊ အပိုဒ် ၁၂၀ |

**မူကြမ်း**

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက်(၁၂၉)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့လေးစားစွာ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီမှ ဥပဒေကြမ်းကော်မတီဝင်များ၊ အခြားသက်ဆိုင်ရာကော်မတီအသီးသီးက တာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့်အတူ ကျွန်တော်တို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ရှိသူ တွေက ၁၇-၉-၂၀၁၈ ရက်နေ့မှာ ညှိနှိုင်းဆွေးနွေးပြီးဖြစ်ပါသဖြင့် ဝန်ကြီးဌာနအနေနဲ့ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ သဘောထားအတိုင်းသာဖြစ်ပါ၍ သဘောထားကွဲလွဲချက်များ ရှိပါကလည်း လွှတ်တော်၏အဆုံးအဖြတ်ကိုသာ ခံယူမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် (၁၂၉)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၁၂၉)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ ကျောက်တန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးက ပြင်ဆင်ချက်(၁)ချက်ကို တင်သွင်း ဆွေးနွေးမှာဖြစ်ပါတယ်။ ယင်းပြင်ဆင်ချက်နှင့်စပ်လျဉ်းပြီး ယခုစတင်ဆောင်ရွက်ပါမယ်။ အပိုဒ် ၂၃ နဲ့ စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ အမျိုးသားနှင့်အမျိုးသမီးတို့၏ ထိမ်းမြားလက်ထက် **မှုကြမ်း**

နိုင်သည့်အသက်သည် ၎င်းတို့၏သက်ဆိုင်ရာတည်ဆဲဥပဒေ၊ ဓလေ့ထုံးတမ်းဥပဒေတွင် သတ်မှတ်ထားသည့်အတိုင်းဖြစ်စေရမည်ဆိုပြီးတော့ ကျွန်တော်တို့အဆိုတင်သွင်းထားခြင်းဖြစ်ပါတယ်။ အဲဒီရဲ့ အပိုဒ် ၂၃ ရဲ့နောက်မှာ သို့ရာတွင်ထိမ်းမြားလက်ထက်ခြင်း၊ စာချုပ်ချုပ်ဆို၍ ထိမ်းမြားလက်ထက်ခြင်းဖြစ်ပါက ထိမ်းမြားလက်ထက်ရန်ပဋိညာဉ်ပြုနိုင်သည့်အသက်သည် ၁၈ နှစ်ပြည့်ပြီးဖြစ်ရမည်ဆိုသည်မှာ အသက် ၁၈ နှစ်ကျော်တဲ့အတွက် လူကြီးအနေအထားဖြစ်နေပါပြီ။ နောက်ပြီး အခု ဥပဒေဟာ ဆိုလို့ရှိရင် ကလေးသူငယ်ဥပဒေဖြစ်ပါတယ်။ ၎င်းဥပဒေက အပိုဒ် ၃။ ကျွန်တော်တို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခုနကအတည်ပြုပြီးဖြစ်ခဲ့တဲ့ ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(ခ)မှာ ကလေးသူငယ်ဆိုသည်မှာ အသက် ၁၈ နှစ်မပြည့်သေးသောသူကိုဆိုသည် ဆိုပြီးတော့ ကျွန်တော်တို့အတည်ပြုပြီးဖြစ်ပါတယ်။ ကလေးသူငယ်ဥပဒေဖြစ်တဲ့အတွက် ၁၈ နှစ်မပြည့်သေးသော ကလေးသူငယ်များအတွက်သာလျှင် စဉ်းစားရန်ဖြစ်ပါတယ်။

နောက် ဒုတိယနည်းဖြင့် တည်ဆဲဥပဒေများ၊ ဓလေ့ထုံးတမ်းများဆိုတဲ့အခါမှာ ဥပမာအားဖြင့် ကျွန်တော်တို့ပြောရမယ်ဆိုလို့ရှိရင် ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းမှာဆိုလို့ရှိရင် ပုဆိုးတန်းတင်ရုံဖြင့် အကြင်လင်မယားဖြစ်ပါတယ်။ နောက်ပြီးတော့ အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ် အသိပေးရုံဖြင့် အကြင်လင်မယားဆိုတဲ့ဓလေ့ရှိပါတယ်။ နောက် ချင်းပြည်နယ်မှာဆိုလို့ရှိရင်လည်း အသက် ၁၃ နှစ်ပြည့်ရုံဖြင့် စေ့စပ်မင်္ဂလာပွဲတွေပြုလုပ်လို့ရပါတယ်။ ရှမ်းပြည်နယ်မှာဆိုလို့ရှိရင် လဖက်တစ်ရိုးကွမ်းတစ်ရိုးကျွေးရုံဖြင့် အကြင်လင်မယားအဖြစ် ဓလေ့တွေရှိပါတယ်။ ကျွန်တော်တို့စာဆိုရှိပါတယ်။ ဈေးသုံးလည်းမလွယ်နဲ့ ရှေးထုံးလည်းမပယ်နဲ့ဆိုသလိုပါပဲ။ ကျွန်တော်တို့ ဒီထုံးတွေလည်း ပယ်ဖို့မသင့်ပါဘူး။ နောက်ပြီးတော့ ထိမ်းမြားခြင်းနဲ့ပတ်သက်ပြီးတော့ အချို့ဒေသတွေမှာလည်း သူ့ဆိုင်ရာဆိုင်ရာဓလေ့ထုံးတမ်းတွေ ရှိပါတယ်။ နောက်ပြီးတော့ တည်ဆဲဥပဒေတွေနဲ့ပြောမယ်ဆိုလို့ရှိရင် နိုင်ငံရင်းသား ခရစ်ယာန်များထိမ်းမြားခြင်းဥပဒေမှာဆိုရင်လည်းပဲ ပုဒ်မ ၆၀ ပုဒ်မခွဲ(၁)မှာဆိုလို့ရှိရင် ထိမ်းမြားလိုသူ ယောကျာ်းလေး၏အသက်သည် ၁၆ နှစ်ဖြစ်ရမည်။ ထိမ်းမြားလိုသူ မိန်းကလေး၏ အသက်သည် ၁၅ နှစ်ဖြစ်ရမည်ဆိုပြီးတော့ တည်ဆဲဥပဒေမှာရှိပြီးဖြစ်ပါတယ်။ နောက် ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုဥပဒေမှာလည်းပဲ ပုဒ်မ ၅ ခြေဆင်းမှာပါတဲ့ အသက် ၁၄ နှစ်အောက်မငယ်သည့် ဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးသည် ၎င်းအက်ဥပဒေအရ ထိမ်းမြားနိုင်သည်ဆိုပြီးတော့လည်း အတိအလင်းရှိပြီးဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ(၂၀၁၅ ခုနှစ်) ဒီဥပဒေမှာဆိုလို့ရှိရင်လည်း ပုဒ်မ ၄ ခြေဆင်းမှာပါပဲ။ အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် မြန်မာဗုဒ္ဓဘာသာမိန်းမတစ်ဦးတို့သည် အောက်ဖော်ပြပါအချက်များနှင့်ပြည့်စုံလျှင် ၎င်းဥပဒေအရ ထိမ်းမြားနိုင်သည်ဆိုပြီးတော့ ဥပဒေတွေ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)ဆိုပြီးတော့ ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ ဒီဥပဒေနဲ့ ဒီနောက်က တည်ဆဲဥပဒေတွေ၊ ဓလေ့ထုံးတမ်းဥပဒေတွေရှိပါလျက်နဲ့ နောက်က ကျွန်တော်တို့ အသက် ၁၈ နှစ်ပြည့်မှ ပဋိညာဉ်ပြုနိုင်မယ်ဆိုတဲ့အချက်က ဥပဒေနှင့် ကျွန်တော်တို့ သက်ဆိုင်ရာဥပဒေနှင့် တည်ဆဲဥပဒေတွေနှင့်အညီ ဆန့်ကျင်ကွဲလွဲလျက်ရှိနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီနောက်ပိုင်းအချက်ကို ကျွန်တော်တို့က ထည့်သွင်းရန်မသင့်တော်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ နောက်ပိုင်းအချက်ကို

ဥပဒေကြမ်းကော်မတီနှင့်အတူ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦးကလည်း သဘောတူပေးထားခြင်း ဖြစ်ပါတယ်။ နောက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂ (က)အရ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ရမည်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေမှာပဲ ပုဒ်မ ၃၆၅ မှာလည်းပဲ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့၏အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာပြုစုပျိုးထောင်ခွင့် ဆောင်ရွက်ခွင့်ရှိရမည်။ နောက် တိုင်းရင်းသားတို့၏ဓလေ့ထုံးတမ်းအရ လက်ထပ်ထိမ်းမြားခြင်းကိုလည်း လွတ်လပ်စွာဆောင်ရွက်ခွင့် ရှိရမည်ဆိုပြီးတော့ ပြဋ္ဌာန်းချက်တွေရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်လည်းမညီသလို အခြားတည်ဆဲဥပဒေများနှင့်လည်း ဆန့်ကျင်ကွဲလွဲလျက်ရှိပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် ပြင်ဆင်ရန်တင်ပြချက်များအနက် သဘောထား ကွဲလွဲချက်(၁)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်]

| **ပြင်ဆင်ရန်တင်ပြသူ/ မဲဆန္ဒနယ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်/အပိုဒ်ခွဲ** |
|---|---|---|---|
| ဥပဒေကြမ်းကော်မတီ<br>ဒေါ်အေးမြမြမျိုး<br>(ကျောက်တန်း) | ၂၇ | ၇၆ | အပိုဒ် ၂၃ |

သို့ဖြစ်ပါ၍ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦးတို့က အတည်ပြုထားတဲ့ ပုဒ်မ ၂၃ အမျိုးသားနှင့်အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ် နိုင်သည့်အသက်သည် ၎င်းတို့၏သက်ဆိုင်ရာတည်ဆဲဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်ဆိုလို့ရှိရင်ကို လုံလောက်သည့်အတွက် ဒီဥပဒေကို ကျွန်တော်တို့ လွှတ်တော်ကနေပြီးတော့ ဥပဒေကြမ်းကော်မတီက တင်သွင်းထားတဲ့ဥပဒေကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပိုဒ် ၂၃ နှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းဖို့ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်နှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်းမှာ ပုဒ်မ နှစ်ရပ်ကိုအဆိုတင်သွင်းထားတာဖြစ်ပါတယ်။ ကလေးသူငယ်တွေကို ပြစ်မှုအားဖြင့်အရေးယူခြင်းရဲ့ အနိမ့်ဆုံးအသက်ရယ်၊ လက်ထပ်ထိမ်းမြားတဲ့အသက် နှစ်ခုကိုကျွန်မအဆိုတင်သွင်းခဲ့တာပါ။ ကလေး သူငယ်တွေအရေးယူတဲ့အသက်ကတော့ ညှိနှိုင်းအဆင်ပြေခဲ့ပါတယ်။ ကျွန်မတို့ဒီအခန်း(၇) ပုဒ်မ ၂၃ မှာ အမျိုးသားနှင့်အမျိုးသမီးလက်ထပ်ထိမ်းမြားနိုင်သည့်အသက်ကို ၁၈ နှစ်ပြည့်ပြီးဖြစ်ရမယ်လို့ တစ်ကြောင်းတည်းကျွန်မ ရေးစေချင်တာပါ။ ဒီလိုမျိုးပဲ ကျွန်မပြဋ္ဌာန်းစေချင်တာပါရှင်။ တင်သွင်းရတဲ့

အကြောင်းအရင်းကတော့ ကျွန်မတို့လက်ရှိအခုပြဋ္ဌာန်းမယ်ဆိုတဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း ပုဒ်မ ၃ (ခ)မှာ ကလေးသူငယ်ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသော သူကို ဆိုလိုသည်ဆိုပြီးတော့ ပါပါတယ်။ ပုဒ်မ ၃(ဘ)မှာဆိုရင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းဆိုတဲ့ ပုဒ်မမှာဆိုရင်လည်း ဒီကလေးသူငယ်တွေ လက်ထပ်စေခြင်းနဲ့ဆက်စပ်နေတာကို လေ့လာတွေ့ရှိရပါတယ်။ လက်ရှိပြဋ္ဌာန်းမယ့်ဥပဒေသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအတွက် အထူးပြုထားတဲ့ ဥပဒေဆိုတာလည်း သတိချက်စေချင်ပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ တည်ဆဲဥပဒေတွေမှာဆိုလို့ရှိရင်လည်း ၂၀၁၅ ခုနှစ်မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄ မှာ အသက် ၁၈ နှစ်ပြည့်ပြီးသည့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် အမျိုးသားတစ်ဦးနှင့် အသက် ၁၈ နှစ်ပြည့်ပြီးသည် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးတို့သည် အောက်ပါအချက်များနှင့် ပြည့်စုံလျှင် ထိမ်းမြားနိုင်သည်ဆိုပြီးတော့မှ ဒီ ၁၈ နှစ်ဆိုတဲ့ဟာကို ပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။ ၁၈၇၅ ခုနှစ် အရွယ်ရောက်သူများအက်ဥပဒေပုဒ်မ ၃ မှာဆိုရင် မြန်မာနိုင်ငံအတွင်း နေထိုင်သူများအားလုံးသည် အသက် ၁၈ နှစ်ပြည့်သူကိုသာအရွယ်ရောက်သူဟု မှတ်ယူရမယ်ဆိုပြီးတော့မှ ပြဋ္ဌာန်းထားပြီးသားတွေဖြစ်ပါတယ်။ ကျွန်မတို့လူမှုအသိုင်းအဝိုင်းမှာလည်း ၁၈ နှစ်ပြည့်မှ အရွယ်ရောက်တယ်ဆိုတာ အားလုံးလက်ခံထားပြီးသား ဖြစ်ပါတယ်။ ကျွန်မ ဒုတိယတစ်ချက်အနေနဲ့ ဒီအသက်အရွယ်နှင့်ပတ်သက်ပြီး တင်သွင်းလိုတာကတော့ ကမ္ဘာ့ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီရဲ့ အကြံပြုချက်၊ တိုက်တွန်းထားချက်တွေနဲ့အညီ ဖြစ်စေချင်လို့ဖြစ်ပါတယ်။ UNCRC ကမြန်မာနိုင်ငံကို Controing insorvation 2012 အပိုဒ် ၃၄ မှာ လက်ထပ်ထိမ်းမြားနိုင်သည့် အနိမ့်ဆုံးအသက် ၁၈ နှစ်ပြင်ဆင်ရန် အကြံပြုထားပါတယ်ရှင့်။ ၂၀၁၄ CEDAW ကော်မတီနဲ့ UNCRC ကော်မတီပူးပေါင်းထုတ်ပြန်တဲ့ General Comment No-31 for CEDAW and General Comment No-18 for UNCRC Harmful Practices အနေနဲ့ Early Marriage အရွယ်မရောက်ဘဲနဲ့ လက်ထပ်တာကို သတ်မှတ်ထားပြီး ဒီအကြောင်းအရာကို ကာကွယ်ပြောဆိုထားတာတော့ ရှိပါတယ်။ ယဉ်ကျေးမှုဓလေ့ထုံးတမ်းကွဲပြားမှုကြောင့် လက်ထပ်ထိမ်းမြားနိုင်သည့် အနိမ့်ဆုံးအသက်ရွယ်မှာ ကွဲပြားမှုမရှိစေရဆိုတဲ့ ကော်မတီကနေပြီးတော့ သတ်မှတ်ထားတာရှိပါတယ်။ တတိယအချက်အနေနဲ့တော့ ကလေးသူငယ်တွေကို လက်ထပ်ထိမ်းမြားပေးခြင်း ဆောလျင်စွာကိုယ်ဝန်ဆောင်ခြင်းရဲ့ နောက်ဆက်တွဲအကျိုးဆက်ဖြစ်တာက မိခင်နှင့်ကလေးသေဆုံးမှုကို ပိုမိုမြင့်တက်စေတဲ့ ကျန်းမာရေးရှုထောင့်ကလည်း ဘယ်လိုမှ ကောင်းနိုင်တာမရှိပါဘူး။ ပြီးတော့ ကျွန်မတို့ကို ဒီ ၁၈ နှစ်အောက်ကလေးတွေ ပညာရေးအရ၊ လူမှုရေးအရ၊ စီးပွားရေးအရ ဘယ်လိုမှပြည့်စုံနိုင်တဲ့ အခြေအနေမဟုတ်ပါဘူး။ ဒီကလေးတွေကနေပြီးတော့မှ အိမ်ထောင်ပြုပြီးတော့မှ ရောက်လာတဲ့မျိုးဆက်ကလည်း ဒီထက်ပိုပြီးကောင်းမွန်သွားဖို့ အလားအလာ အင်မတန်မှနည်းပါတယ်။ ကျွန်မတို့နိုင်ငံမှာ စာသင်ကြားရမည့်ကလေးတွေ လုပ်ငန်းခွင်မှာ ရောက်နေတာ၊ လမ်းပေါ်မှာရှိနေတာ ဒီကလေးတွေကို ကျွန်မတို့က ပြုစုပျိုးထောင်ပြီးတော့ ပိုမိုကောင်းမွန်တဲ့အခြေအနေကို တွန်းပို့ရမှာဖြစ်ပါတယ်။ ကျွန်မတို့ ကလေးတွေကို ပံ့ဖော်တယ်ဆိုတာ ကျွန်မတို့ရဲ့ အနာဂတ်ကိုပံ့ဖော်တာ ဖြစ်ပါတယ်။ ဒီလို မပြည့်စုံသေးတဲ့ ကလေးတွေနဲ့ ကျွန်မတို့နောက်မျိုးဆက်နဲ့ အဆုံးဆက်ဆက်သံသရာလည်နေမှာ စိုးရိမ်ပါတယ်။ နောက်ပြီးတော့ ကျွန်မတို့ ပတ်ဝန်းကျင်နိုင်ငံတွေမှာဆိုလို့ရှိရင်လည်း အသက် ၁၈ နှစ်ကို လက်ထပ်

ထိမ်းမြားတဲ့အသက်ကို သတ်မှတ်ထားတဲ့နိုင်ငံတွေ အများကြီးရှိပါတယ်။ ကျွန်မတို့ရဲ့ အိမ်နီးချင်းနိုင်ငံ ဖြစ်တဲ့ ဗီယက်နမ်တို့၊ ကမ္ဘောဒီးယားတို့လိုတောင်မှလည်း ဒီလိုသတ်မှတ်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီလိုမျိုးအသက်သတ်မှတ်ချက်ခြင်းအပြင် ပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းသာ တည်ဆောက်နိုင်မှာဖြစ်တဲ့အတွက်ပါ ကျွန်မဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကြမ်း ပုဒ်မ ၂၃ နှင့် ပတ်သက်ပြီးတော့ အမျိုးသားနှင့် အမျိုးသမီးတို့၏ ထိမ်းမြားလက်ထပ်နိုင်သည့်အသက်သည် ၎င်းတို့၏ သက်ဆိုင်ရာတည်ဆဲဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေများတွင် သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်ဆိုတဲ့ တစ်ပိုဒ်တည်းဆိုရင် ပြည်သူတွေဖတ်ရှုရန်မှာလည်း ရှင်းလင်းလွယ်ကူပါတယ်။ အဓိပ္ပာယ်လည်း ရှိပါတယ်။ လက်ရှိတည်ဆဲဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေတွေကလည်းရှိနေသေး တဲ့အတွက်ကြောင့် ကျွန်တော်တို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေနဲ့တော့ ဥပဒေကြမ်းကော်မတီရဲ့ ဆုံးဖြတ်ထားတဲ့အတိုင်း အကြံပြုချက်အတိုင်း ကျွန်တော်တို့ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးသည့်အပိုဒ် ၂၃ နှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်အဆိုတင်သွင်းပြီး ဒေါ်အေးမြမြမျိုးက မူလ အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီ ရဲ့ပြင်ဆင်ချက်ကို မူတည်ပြီး မဲခွဲဆုံးဖြတ်ပါမယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို ထောက်ခံမဲ များလျှင် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတည်ဖြစ်ပါတယ်။ ကန့်ကွက်မဲများလျှင် ဒေါ်အေးမြမြမျိုးရဲ့ အဆိုပြုချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့ အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ ထောက်ခံဆန္ဒမဲပေါင်း ၃၃၀ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၃၃ မဲ၊ ကြားနေဆန္ဒမဲ ၁ မဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် အပိုဒ် ၂၃ သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်း ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တင်သွင်းသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ

ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲ များအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါ။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တင်သွင်းသော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၈။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၂း၃၈ နာရီအချိန် တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ (၂၈.၁၁.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




Dr Mya Lay Sein　　U Thaung Aye




Dr Mya Lay Sein　　U Soe San Thet Tun




U Aung Htoo　　U Tun Tun




U Aung Htoo　　Daw Cho Cho




U Aung Htoo　　U Kyaw Aung Lwin




U Kyaw Linn　　U Mya Sein

pyithu.hluttaw.mm



U Kyaw Linn



U Myint Lwin

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်